
www.dhammadownload.com




# အမေးခွန်းမှနေရာကျမယ်

ဟောကြားသည့်နေ့

(၂၉-၅-၆၂)

၁၁

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၁၀)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့ တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀

မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်။

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ''ကံခြောက်မျိုး''

(၆-၁၂-၅၉)

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၁၃၂/၂၀၀၀ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၅၁/၂၀၀၀ (၃)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ခု၊ မတ်လ
တန်ဖိုး - (  )

ထုတ်ဝေသူ ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာ်ာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်
"ကံခြောက်မျိုး"
(၆-၁၂-၅၉)

ဒကာ၊ ဒကာမတို့ မှတ်ထားကြပါ. . . (မှန်ပါ)။

ဒီနေ့ ဘာဟောမှာတုန်း၊ . . . (ကံခြောက်ချက် ဟောမှာပါ)။ ကံခြောက်ချက်ကို ဟောလိမ့်မယ်လို့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ မှတ်ထားကြစမ်းပါ။

အဲဒီတော့ ဒီကံနဲ့ ပတ်သက်လာတော့ ရှေးဦးစွာ ဒိဋ္ဌိကလေးကို ဖြုတ်ပေးပါရစေဦးတဲ့ ဒကာ-ဒကာမတွေနော်. ., (မှန်ပါ)။ ကံနဲ့ပတ်သက်လာတော့, ကံမဟောမီ ရှေ့အဖို့ကာလ၌, ကမ္မဝါဒီဒိဋ္ဌိဖြစ်မှာကို ဘုန်းကြီးများကလည်း, အင်မတန် စိုးရိမ်တယ်. . . (မှန်ပါ)။

www.dhammadownload.com



## ကမ္မဝါဒီ၊ ဒိဋ္ဌိဖြစ်မှာစိုးရိမ်လို့

ကမ္မဝါဒီဒိဋ္ဌိဖြစ်မှာကို စိုးရိမ်သည်, ကမ္မဝါဒီဒိဋ္ဌိဖြစ်မှာကို စိုးရိမ်သည်လို့ဆိုတာ ဒကာ-ဒကာမတွေ မှတ်ထားကြပါ . . . (မှန်ပါ)။ ဘာစိုးရိမ်ပါလိမ့်၊ (ကမ္မဝါဒီဒိဋ္ဌိဖြစ်မှာကို စိုးရိမ်ပါတယ်)။ ကမ္မဝါဒီဒိဋ္ဌိဖြစ်မှာ သိပ်စိုးရိမ်တယ်။

ကိုင်း, နိုးနိုးကြားကြားနဲ့ တကယ်သတိထားပြီးသကာလ, ဩော်ငါတို့လည်း ဆရာဘုန်းကြီးပြင်ပေးပေ့ါ, ဘုရားကလည်း ပြင်ပေးပေ့ါလို့ အောက်မေ့ကြစမ်းပါနော်. . (မှန်ပါ)။

ဒကာ-ဒကာမတွေက ဘာများအားကိုးနေကြသတုံးလို့ မေးလို့ရှိရင်ဖြင့် နိဗ္ဗာန်မရမီစပ်ကြား ဘုရား, ကံဘဲအားကိုးရတာပေ့ါ, ဒီလိုမယူကြဘူးလား. . . (ယူကြပါတယ်)။ နိဗ္ဗာန်မရမီစပ်ကြား. . .၊ (ကံဘဲအားကိုးနေရပါတယ်)။ ကံဘဲအားကိုးရတယ်ဘုရားလို့ဆိုတော့, ဩော် ဒကာ-ဒကာမတွေ ကံကိုဘဲ အားကိုးလုံးထားကြတယ်နော်၊ . . . (မှန်ပါ)။

ကံကိုဘဲ အားကိုးလုံးထားပြီး သကာလ နေကြပါတယ်, ဘာ့ကြောင့် ကံကို အားကိုးလုံးထားကြပါလိမ့်မတုံးလို့ မေးတဲ့အခါကြလို့ရှိရင်ဖြင့် တချို့သော သုတ္တန်ဒေသနာတော်မှာ ကမ္မသကော - ကံသာလျှင် မိမိဉစ္စာ, ဒီလိုဟောထားတာရှိတယ် . . . (မှန်ပါ)။

www.dhammadownload.com



## ဗုဒ္ဓဘာသာမှန်ရင် ကံအားကိုးကြတယ်

ကမ္မဒါယာဒေါ-ကံသာလျှင် အမွေဆိုင်၊ ကမ္မယောနိ-ကံသာလျှင်ဖြစ်ကြောင်း, ကမ္မဗန္ဓုသရဏာ-ကံသာလျှင် ကိုးကွယ်ရာရှိ၏။ ဒါလေးကလည်း ကြားဘူးပြီးသကာလနေတော့, ဩဇာ်တို့မှာ ကံဘဲအားကိုးရာ ဆည်းကပ်ရာ ရှိတော့တာဘဲ ကံအားကိုးရာအဖြစ် မယူကြလား. . (ယူကြပါတယ်)။

အင်း-ဒါတော့ဖြင့် လူတိုင်းအယူလို့ဘဲ ဗုဒ္ဓဘာသာမှန်က, လူတိုင်း အယူလို့ဘဲလို့ မဆိုထိုက်ဘူးလား. . (ဆိုထိုက်ပါတယ်)။ ကိုမြင့်တို့, မောင်နိုင်တို့ ဘာများအားကိုးနေကြတုံး, ကံဘဲဖေါ့ဘုရား, တပည့်တော်တို့ မိုးကုတ်မြို့ဆို, ကံအမိ, ကံအဖ, ကံပေးရတာဘဲဘုရား, ကံကျွေးလှတာဘဲဘုရား, ဒါအမြဲတမ်းပြောနေကြတယ်. . (မှန်ပါ)။

ဘယ့်နှယ် မင်းတို့ကံက ဘယ်ကံတုန်းလို့ မေးတဲ့အခါ, အို-ဘုရားကလည်း ဟောထားသားဘုရား၊ ဆာယာဝ အနုပါယိနီ-ကံသည် အရိပ်သဖွယ် နောက်ကလိုက်နေ့တယ်, မဟောဘူးလား. . (ဟောပါတယ်)။ ရထံစက္ကံဝ ယာယိတော ဆိုတဲ့အတိုင်း တချို့သုတ္တန်ဒေသနာတွေကျလို့ရှိရင်ဖြင့် ရထားသွားတဲ့အခါ ရထား၏ ဘေးကဘီးခွက်တွေဟာ ဩဇာ် မော်တော်ကားသွားတဲ့အခါ မော်တော်ကားဘီးခွက်တွေ မော်တော်ကားသွားရာလိုက်တယ်. . (မှန်ပါ)။

www.dhammadownload.com



အဲ့ဒီလိုကံက နောက်ကလိုက်ပြီးသကာလ နေတယ်လို့ ယူပြန်လို့ ရှိပြန်လို့ရှိရင်လည်း၊ ဒါသုတ္တန်နည်းလို့ မှတ်လိုက်စမ်းပါ။ . . (မှန်ပါ)။ သုတ္တန်နည်းလို့မှတ်လိုက်စမ်းပါ ဒကာဒကာမတို့၊

တကယ်လိုက်နေတယ်လို့ ခင်ဗျားတို့ ထင်လို့ရှိရင်ဖြင့် ဒီကံဟာ ဘယ်တော့မှ မချုပ်မပျက်တဲ့ သဿတဒိဋ္ဌိဘက်သွားမယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဒီကံဟာ ဘယ်တော့မှ မဖြစ်မပျက်တဲ့ ဘယ်ဘက်ကို သွားပါလိမ့်. . . (သဿတဒိဋ္ဌိဘက် သွားပါတယ်)။

## နွားသွားရာ၊ လှည်းဘီးလိုက်သလို

ဩော်. ဒါဖြင့် ကံအားကိုးတဲ့ပုဂ္ဂိုလ်၊ ကံကအရိပ်ပမာလိုက်ပြီး၊ နောက်ကနေတယ်၊ ကံသည်ကားဆိုရင်၊ ရှေ့ကနွားသွား နောက်က အင်း-လှည်းဘီးလိုက်နေသလို၊ ရထားသွား နဘာန်းစွန်းဆိုတဲ့ မင်းချိပ်ကလေးလိုက်နေသလို၊ ဩော်-တို့နောက်က သူဘဲစောင့်ရှောက်၊ သူဘဲလိုက်နေတာကိုးလို့၊ ဗိအယူ၊ တရားရည်မဝတဲ့ပုဂ္ဂိုလ်များ၊ ဤမျှလောက်ကို တရားနာထားရတဲ့ပုဂ္ဂိုလ်များ၊ ကံပေါ်မှာ သဿတဒိဋ္ဌိရှိတယ်. . (မှန်ပါ)။ ဘယ်လိုဆိုကြမလဲ. . . (ကံပေါ်မှာ သဿတဒိဋ္ဌိရှိပါတယ်)။ ကံပေါ်မှာ သဿတဒိဋ္ဌိရှိတယ်. . . (မှန်ပါ)။

www.dhammadownload.com



## ကံကိုမပျက်တဲ့သဘောယူနေ

ကံ-နောက်က လိုက်နေတယ်ဆိုတော့ မပျက်မစီး မဖောက်မပြန် ဒီအခိပ္ပါယ်ရောက်မနေဘူးလား. . (ရောက်နေပါတယ်)။ ဒါဒကာ-ဒကာမတွေ အားလုံးဘဲ လေးလေးနက်နက် မှတ်ပါ။ ပြောနေတယ်နော် . . .(မှန်ပါ)။ ဒီအယူရှိ မရှိ အကဲခတ်ကြပါ. . . (ရှိပါတယ်)။ ဦးပါလေး. . . (ရှိပါတယ်)။ ဒီဘက်က ဒကာတွေ ရှိ-မရှိ. . . (ရှိပါတယ်)။ ရှိ,မရှိဆိုတော့ ကံဟာ မပျက်တဲ့အဓိပ္ပါယ်ကို ယူတဲ့သဘောရောက်, မရောက်. . . (ရောက်ပါတယ်)။

ဩော်-ဒါဖြင့် ကံကိုမပျက်တဲ့အဓိပ္ပါယ်ယူနေတော့ အနတ္တဆိုတဲ့တရားဟာ တစ်ခါတည်း ဒကာ-ဒကာမတွေ သန္တာန်မှာ အတ္တဖြစ်ရတော့မယ်၊ ကံဆိုတာ. . , "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ-ငါဘုရားသည်။ စေတနာ-မင်းတို့သန္တာန်၌ဖြစ်တဲ့ စေတနာဆိုတဲ့ သင်္ခါရက္ခန္ဓာလေးကို။ ကမ္မံ-ကံဟူ၍။ အဟံ-ငါဘုရားသည် ဝဒါမိ-ဟော၏။ စေတနာဆိုတဲ့ နာမ်ဓမ္မလေးကို ကံဟောတာ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

## ကံဆိုတာ စေတနာ နာမ်ဓမ္မ

ကံဆိုတာ ဘယ်သူ့ဟောတာပါတုန်း. . . (စေတနာ

www.dhammadownload.com



နာမ်ဓမ္မကို ဟောတာပါ)။ စေတနာနာမ်ဓမ္မကို ဟောတယ်၊ နာမ်ဓမ္မဖြင့် ဒကာ-ဒကာမတွေက အကဲခတ်ကြ၊ အကဲခတ် ဒီစေတနာလေး ခန္ဓာဖွဲ့လို့ရှိရင် ခန္ဓာထဲမှာ ဘယ်ခန္ဓာ အကျုံးဝင်သတုံးဆို သင်္ခါရက္ခန္ဓာထဲမှာ အကျုံးဝင်တယ် (မှန်ပါ)။ ဘယ်ထဲ အကျုံးဝင်ပါလိမ့်... (သင်္ခါရက္ခန္ဓာထဲ အကျုံးဝင်ပါတယ်)။

ဒါဖြင့် - သင်္ခါရာ အနတ္တာ၊ သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ န ယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထ စ သင်္ခါရေသု ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုန္တိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ၊ သင်္ခါရာ အနတ္တာ၊ စေတနာလေးပါသွားပြီ... (မှန်ပါ)။ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊ နစ လဗ္ဘတိ သင်္ခါရေသုနဲ့ အနတ္တလက္ခဏသုတ်မှာ သင်္ခါရာအနတ္တာလို့ဟောတယ်... (မှန်ပါ)။ မဟောဘူးလား... (ဟောပါတယ်)။

စေတနာကို ဘာဟောလိုက်တုံး... (အနတ္တလို့ ဟောပါတယ်) အနတ္တလို့ ဟောထားတာကို ဒကာ-ဒကာမတို့ ဖြစ်ပြီးပျက်တဲ့ သဘောပဲရတယ်... (မှန်ပါ)။ အဲ့ဒါတွေ လူသွားရာ အရိပ်ပါသကဲ့သို့၊ လိုက်ပြီးသကာလ နေတယ်လို့ ယူလိုက်လို့ရှိရင်လည်း၊ အနတ္တ-အတ္တဖြစ်ပါပေါ့လို့ ဗုဒ္ဓဘာသာမှာ ဆုံးဖြတ်ချက်ချလိုက်ပါ... (မှန်ပါ)။ အနတ္တ

www.dhammadownload.com



ဘာဖြစ်သွားတုံး. . . (အတ္တဖြစ်သွားပါတယ်)။

မောင်နိုင် ဒါမပြင်ရင် မဖြစ်ဘူး. . . (မဖြစ်ပါဘူး) အားလုံး ဒကာဒကာမတွေ ဒါ-မပြင်ရင်. . . (မဖြစ်ပါဘူး)။ ဗုဒ္ဓဘာသာမှာရှိတဲ့ အတ္တဝါဒဒိဋ္ဌိ၊ (မှန်ပါ)။ စာလိုသုံးတော့ ကမ္မဝါဒီဒိဋ္ဌိ . . . (မှန်ပါ)။ ဒီမရောက်ဘူးလား . . . (ရောက်ပါတယ်)။

အင်း-အနတ္တလက္ခဏာသုတ်နဲ့လည်း အသေအချာ ဟောလိုက်တော့လည်း, သူ့အနတ္တထဲ အပါအဝင် ဖြစ်နေ တယ်. . . (မှန်ပါ)။ မပါဘူးလား. . . (ပါ,ပါတယ်)။ အနတ္တထဲ အပါအဝင်ဖြစ်ပြီးသကာလ သွားတော့တယ် ဆိုတာ ဒကာ-ဒကာမတွေ ရှင်းရှင်းလင်းလင်းဘဲ မှတ်ထား လိုက်သေးတာပေါ့. . . (မှန်ပါ)။

## ဆောင်ဟောတာလို့မှတ်ပါ

ဒါဖြင့် လူသွားရာ အရိပ်ပါသလို လိုက်နေတယ်ဆိုတဲ့ ဥစ္စာ, ဒါ-ဒကာဒကာမတို့, တစ်နေ့က ပြောသလို နေယျတ္ထ ဆောင်ပြီးသကာလ, သတ္တဝါတွေမှာ ဩော်, ကံအမိ-ကံအဖ လို့ဆိုတာ သိပါစေတော့ဆိုပြီးသကာလ, ထင်ရှားအောင်ကို ဆောင်ဟောတာလို့ မှတ်ပါ. . . (မှန်ပါ)။

နီတတ္ထ ဒေသနာကျတော့ "သဗ္ဗေ ဓမ္မာ အနတ္တာ"

www.dhammadownload.com



လို့ ဟောလိုက်တယ်. . . (မှန်ပါ)။ သခ်ီရာ-စေတနာဆိုတဲ့ သခ်ီရက္ခန္ဓာလေးဟာ။ အနုတ္တ-ငါမဟုတ်ဆိုတော့ အနတ္တ ဟုတ်တယ်ပေါ့ဗျာ၊ . . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

ဒါဖြင့် စေတနာကလေးဟာ နောက်ကလိုက်နေပါ သလား၊ အနတ္တမို့ ပြုတဲ့နေရာမှာဘဲ ချုပ်ပါသလားလို့ မေးရင် ဘယ်နှယ်ဖြေကြမလဲ. . . (ပြုတဲ့နေရာမှာဘဲ ချုပ်ပါတယ်)။ ဒါဖြင့် အဲ့ဒါမှတ်ထားလိုက်. . . (မှန်ပါ)။ နော်. . . (မှန်ပါ)။ သတ္တဝါတွေငဲ့ပြီး နေယျတ္တဆောင်ပြီးသကာလ, သိဖို့ရာ နေရာကျ, နေရာကျတဲ့အခါကျတော့ လူသွားရာ အရိပ်ပါ သလိုပေါ့ကွာ, သူက နောက်ကလိုက်နေတာဘဲ, ကံအမိ, ကံအဖနဲ့ မင်းတို့နေကြရတယ်. . . (မှန်ပါ)။

ကမ္မဿကော-ကံသာလျှင် မိမိဥစ္စာ, တစ်ခါတည်း ဘုရားက, ကမ္မယောနိ ကမ္မဒါယာဒေါလို့ အင်းအဘိဓာသုတ် များ ဟောလိုက်တဲ့ဖြစ်ခြင်း, ဒဏ္ဍာ-ဒဏ္ဍာမတို့, မယူတတ်လို့ ရှိရင် ကံအပေါ်မှာ သဿတဒိဋ္ဌိဖြစ်နေတယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

မယူတတ်လို့ရှိရင်. . . (ကံအပေါ်မှာ သဿတဒိဋ္ဌိ ဖြစ်နေပါတယ်)။ အင်း. ကံဘဲ တို့နောက်က အမြဲလိုက်ပြီး သကာလနေတော့ တို့ဘာစိုးရိမ်စရာရှိတုံး, တို့ကံကောင်း တွေ

www.dhammadownload.com



နောက်ကလိုက်နေတာဘဲ, ကံအမိ, ကံအဖတွေက အမြဲ စောင့်ရှောက်ပြီးသကာလ နေတယ်ဆိုတော့ သူတို့က ဘယ်တော့မှ မပျက်မစီးတဲ့တရား၊ တနေ့ကပြောသလို ထိုးလဲ လိုက်ပြန်ရင် ဆွဲထူတဲ့သဘော. . . (မှန်ပါ)။

စီးပွားလျော့သွားတယ်ဆိုရင်, သူကထည့်ပေးမယ့် သဘော, . . . (မှန်ပါ)။ မကျန်းမာဘူးဆို သူကနေ ကျန်းမာ အောင် လုပ်ပေးမယ့်သဘော, ဒီမရောက်ပေဘူးလား, . . (ရောက်ပါတယ်)။

ရောက်တော့ သူက နောက်ကတစ်ခါတည်း ဒကာ ဒကာမတွေကို အမေ၊ အဖေ ကလေးလေးသွားတဲ့နောက်ကို အမေအဖေကနေပြီး သကာလ, မလဲမပြိုအောင်, လက်မောင်းလေး ဆွဲပြီးသကာလ, နောက်ကလိုက်နေသလို, လိုက်တဲ့အဓိပ္ပါယ်မျိုး, ယူထားလို့ရှိရင် ဘာဒိဋ္ဌိဖြစ်ကြမယ်, . (သဿတဒိဋ္ဌိဖြစ်ပါတယ်)။ ရှင်းကြလား၊ (ရှင်းပါတယ်)။

## ဗုဒ္ဓဘာသာမှာရှိတဲ့ဒိဋ္ဌိ

အဲ့ဒါ ဗုဒ္ဓဘာသာမှာရှိတယ်လို့ ဘုန်းကြီးကပဲ ယူ လိုက်ပါတယ်. . . (မှန်ပါ)။ ဘယ့်နှယ်ဆိုကြမလဲ. . . (ရှိပါတယ်ဘုရား)။ ဗုဒ္ဓဘာသာမှာရှိတဲ့ ဒိဋ္ဌိဘဲလို့ ဆိုလို့ရှိရင် ကံပေါ်မှာ သဿတဒိဋ္ဌိရှိနေတယ်၊ ခိုင်မြဲတယ်လို့ယူတဲ့

www.dhammadownload.com



သဿတဒိဋ္ဌိရှိ-မရှိ (ရှိပါတယ်)။

ဒါဖြင့် အနတ္တလက္ခဏသုတ်နဲ့ ညှိလိုက်တဲ့အခါကျတော့ သူမြဲတဲ့တရားလား, မမြဲတဲ့တရားလား. . . (မမြဲတဲ့တရားပါ) သင်္ခါရာ အနတ္တာ, သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု တကယ်လို့ မင်းတို့နောက်က လိုက်နေတယ်လို့ဆိုကြအုံး ဟုတ်လား၊ . . . (မှန်ပါ့)။ န ယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ ဒီသင်္ခါရလေးဟာ ပျက်စီးစရာ အကြောင်းကို မရှိဘူးတဲ့၊ မင်းတို့နောက်က လိုက်နေလို့ရှိရင် . . . (မှန်ပါ)။ ရှိသေးရဲ့လား. . . (မရှိပါဘူး)။

နစ လဗ္ဘတိ သင်္ခါရေသု, ဧဝံ မေ သင်္ခါရာ ဟောန္တု, ဧဝံမေ သင်္ခါရာ မာ အဟေသုန္တိ ဒီသင်္ခါရဖြစ်, ဒီသင်္ခါရ-က မဖြစ် စေသတည်း၊ အကုသိုလ်စေတနာ ဘယ်တော့မှ မလာစေ သတည်း, ကုသိုလ်စေတနာသာ ငါ့နောက်က လိုက်စေ သတည်း ရလား၊. . . (မရပါဘူး)။ မရတော့ ဩော်ဒါဖြင့် အနတ္တဘဲလို့ ဆိုကြပါစို့နော်. . . (မှန်ပါ)။

နို့ ဘယ့်နှယ်ကြောင့် သုတ္တန်ဒေသနာတော်မှာ ဆာယာဝ အနုပါယိနီ ရထဿာဏိဝ ယာယ်တော, ဟောရ ပါလိမ့်မလဲလို့မေးတော့ နေယျတ္ထဆောင်ပြီးသကာလ, သတ္တဝါတွေ သိအောင်လို့ ဟောလိုက်တာပါ. . . (မှန်ပါ)။ ဆောင်ဟောတဲ့ အဓိပ္ပါယ်ဘဲ၊ တိုက်ရိုက်မယူလိုက်ပါနဲ့, ကံ

www.dhammadownload.com



နောက်က တကယ်လိုက်နေတယ်လို့ မယူလိုက်ပါနဲ့. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဆောင်ဟော တဲ့ အဓိပ္ပါယ်နော်. . . (မှန်ပါ)။ တိုက်ရိုက်ယူလိုက်ရင်. . (မှားပါတယ်)။ မှားသွားမယ်ဆိုတာ သဘောကျလား. . . (ကျပါတယ်)။

အင်း-ဒကာ-ဒကာမတွေ နားကြီးကြီးနဲ့ထောင်ပါ, ကံ ခြောက်ချက်မဟောခင် ကံကို ရှင်းပေးနေတယ်ဆိုတာ မှတ် လိုက်စမ်းပါနော်. . . (မှန်ပါ)။

ဒါဖြင့် တပည့်တော်တို့လုပ်တဲ့ ကံတွေဟာ အဟောသိ ကံဘဲဖြစ်ရတော့မလားဘုရားလို့ ဒကာ-ဒကာမတွေက မေးဖို့ မလိုဘူးလား. . . (လိုပါတယ်)။ ဒကာ-ဒကာမတို့ အဟော သိကံလည်း ရှိတာပဲ, အဟောသိကံ မဟုတ်တာလည်း ရှိတာဘဲလို့ ဘုန်းကြီးကဘဲ အဖြေထုတ်ပါတယ်. . . (မှန်ပါ)။ အဟောသိကံလည်း ရှိတာပါဘဲ, သဘောကျလား . . . (ကျပါတယ်)။ အဟောသိကံ မဟုတ်တာတွေကော . . . (ရှိပါတယ်)။

## စေတနာ၊ ကံဟာ ဒီနေရာပေါ် ဒီနေရာချုပ်

နို့ အဟောသိကံ မဟုတ်တာ အဟောသိကံတော့ ရှိပါစေတော့ဘုရား၊ အဟောသိကံ မဟုတ်တာတွေကတော့

www.dhammadownload.com



ဘယ်လိုများပါလိမ့်မလဲလို့မေးတဲ့အခါကျလို့ရှိရင် ဒီကံဟာ ဒီမှာပဲချုပ်မယ်. . . (မှန်ပါ)။

ဆွမ်းတော်တင်တဲ့နေရာမှာ ဆွမ်းတော်တင်တဲ့ စေတနာကံလေးဟာ, ဆွမ်းတော်တင်တဲ့နေရာမှာ ချုပ်မယ် (မှန်ပါ)။ မီးထွန်းတဲ့ စေတနာကံလေးဟာ. . . (မီးထွန်းတဲ့ နေရာမှာ ချုပ်ပါမယ်ဘုရား)။ မေတ္တာ ပို့တဲ့စေတနာကံလေး ဟာ. . . (မေတ္တာပို့တဲ့နေရာချုပ်ပါတယ်)။ ချုပ်တာဘဲ, သူဘယ်နည်းနဲ့မှ သတ္တဝါနောက်လိုက်နိုင်ရဲ့လား. . . (မလိုက်နိုင်ပါဘူး)။ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်)။ မလိုက်ဘူးဆိုတာ သေချာပြီလား. . . (သေချာပါတယ်)။

တိုက်ရိုက်ယူလိုက်တော့ တိုက်ရိုက်အဘိဓမ္မာ ဒေသနာတော် ပုဂ္ဂိုလ်သတ္တဝါမငဲ့ဘဲနဲ့ အမှန်ကိုပြောဟောပြီး သကာလ ယူလိုက်တော့ မလိုက်ပါဘူး. . . (မှန်ပါ)။ ဒကာ ဒကာမတို့ ဘယ်လိုဆိုကြမလဲ. . . (မလိုက်ပါဘူး)။ မလိုက် ပါဘူး တိုက်ရိုက်ဟောတော့ မလိုက်ပါဘူးလို့ ဆိုတာသာ မှတ်လိုက်ပါတော့. . . (မှန်ပါ)။ ရှင်းပြီလား၊ (ရှင်းပါတယ်)။ ဟေး-ဦးသန်းကြီးတို့ ကျေနပ်ကဲ့လား. . . (ကျေနပ်ပါတယ်)။

အေး-အနတ္တလက္ခဏာသုတ်နဲ့ ညှိပြလိုက်တယ်နော် . . . (မှန်ပါ)။ မလိုက်တာ သေချာတယ် မဟုတ်လား . . . (သေချာပါတယ်)။ ဘာ့ကြောင့် မလိုက်သတုံးလို့ မေးတဲ့

www.dhammadownload.com



အခါကျတော့ အို-နာမ်မွေလည်းဖြစ်, အနတ္တလည်း ဖြစ်နေလို့ ပုဂ္ဂိုလ်သတ္တဝါနဲ့ သူ့ဘာမှမဆိုင်ဘူး. . . (မှန်ပါ)။

သူ့ဟာသူ အကြောင်းတိုက်ဆိုင်ပြီးသကာလ စေတနာလေးဟာ ဘုရားနဲ့တွေ့လို့ ဘုရားလှူချင်တဲ့ စေတနာလေးပေါ်၊ ပေါ်တဲ့နေရာဆုံးပြီ. . . (မှန်ပါ)။ တရားနဲ့တွေ့တော့ တရားနာချင်တဲ့စေတနာလေးပေါ်၊ ပေါ်တဲ့နေရာမှာ . . . (ဆုံးပါတယ်)။ သံဃာနဲ့တွေ့လို့ ဦးတိုက်ချင်တယ်, ရှိခိုးချင်တယ်, ရှိခိုးချင်တဲ့နေရာမှာဘဲ. . . (ဆုံးသွားပါတယ်)။ ဒီစေတနာလေးချုပ်ရမယ်. . . (ချုပ်ပါတယ်)။ သဘောကျလား. . . (ကျပါတယ်)။

ဒါဖြင့်ဘုရား တပည့်တော်တို့ပြုတာ အဟောသိကံဖြစ်ရတော့မလားလို့မေးတော့ အဟောသိကံတော့ဖြင့် ဒကာ-ဒကာမတို့ နိဗ္ဗာန်မရောက်သေးရင် အဟောသိကံတော့ မဖြစ်သေးပါဘူး. . . (မှန်ပါ)။ အပရာပရိယဝေဒနီယ ကံတွေကရှိသေးတာကိုး. . . (မှန်ပါ)။ ဥပပဇ္ဇဝေဒနီယကံတွေက ရှိသေး, အဟောသိကံတော့ မဖြစ်ပါဘူးလို့ ဘုန်းကြီးကလည်း ဖြေပါတယ်. . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်)။

သူတော့ မလိုက်တာအမှန်ဘဲ. . . (မှန်ပါ)။ သူတော့ မလိုက်တာ အမှန်ပါဘဲဆိုတာကော သဘောကျ

www.dhammadownload.com



လား. . . (ကျပါတယ်)။ ကိုင်း-ဒါဖြင့် သူမလိုက်ဘဲနဲ့ ဘယ်လိုများ တပည့်တော်များ အကျိုးပေးပါလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား၊ (လိုပါတယ်)။

အို-ဒီလိုဒီလိုဒကာ-ဒကာမတို့ ဒီမှာ လူနာမ်ရုပ်နဲ့ လူစေတနာတည်းဟူသော လူသန္တာန်ပေါ်တဲ့ စေတနာတည်းဟူသော နာမ်စေတနာတည်းဟူသော နာမ်ကနေပြီး ကာယကံနဲ့ လှူလိုက်တန်းလိုက် ပေးလိုက်ကမ်းလိုက်တယ်နော် . . . (မှန်ပါ)။ အဲ့ဒီတော့ ဒါ ကာယကံဆိုကတည်းက ကာယကံက စေတနာ, ကာယဒွါရမှာဖြစ်ဖို့ ရုပ်တရားတွေကော မပါပေဘူးလား. . (ပါ,ပါတယ်)။

ဝစီကံဆိုတာ စေတနာ မဟုတ်လား. . . (ဟုတ်ပါတယ်)။

အသံတွေက ရုပ်မနေဘူးလား. . (မှန်ပါ)။ ဝစီကံ, သဘောကျလား၊ (ကျပါတယ်)။ မနောကံဆိုတာ မနောကကံဘဲမဟုတ်လား . . . (ဟုတ်ပါတယ်)။ အင်း-သူနဲ့ သဟဇာတဖြစ်တဲ့ မနောရုပ်ဆိုတာကော မရှိဘူးလား. . (ရှိပါတယ်)။ အင်း-စိတ်ထဲပြုံးရွှင်ပြီးသကာလ လာတဲ့ မနောရုပ်တွေလည်းရှိရက် [လျက်] ပါဘဲ။ (မှန်ပါ)

အဲ့ဒီတော့ ဒီနာမ်ရုပ်ဟာ ဒီနေရာမှာဘဲ ချုပ်တယ်လို့ ဒကာ-ဒကာမတွေက ဆုံးဖြတ်ချက် ချပါ. . (မှန်ပါ)။ ဘုရား

www.dhammadownload.com



ရှိခိုးတယ်, စေတနာရော ရုပ်ရော ဘုရားရှိခိုးတဲ့နေရာချုပ် တယ်. . . (မှန်ပါ)။ တရားနာတဲ့စေတနာနဲ့ တရားနာတဲ့ ရုပ်ဟာ. . . (ချုပ်သွားပါတယ်)။ တရားနာတဲ့ နေရာမှာဘဲ ချုပ်လိုက်ပါတော့. . . (မှန်ပါ)။ မနေ့ထဲမှာ ဝမ်းမြောက်ပြီး သကာလနေတဲ့ ဘုရားလှူထားတဲ့ ဝမ်းမြောက်တဲ့စေတနာ ကလေးတွေ, သံဃာလှူထားလို့ ဝမ်းမြောက်တဲ့ စေတနာ လေးတွေ, ဝမ်းမြောက်တဲ့စိတ်နဲ့ ဝမ်းမြောက်တဲ့သောမနဿ ရုပ်တွေဟာလည်း ဒကာ၊ ဒကာမတို့ ဝမ်းမြောက်တဲ့နေရာ ချုပ်တာပါဘဲ. . . (မှန်ပါ)။ မလိုက်ဘူးနော်. . . (မှန်ပါ)။

## အလားတူပေါ်တာ မလိုက်ဘူး

မလိုက်လို့ရှိရင်ဖြင့် ဘယ်လိုဖြစ်ရမှာတုန်းလို့ မေးဖို့ မလိုဘူးလား (လိုပါတယ်)။ တပည့်တော်တို့ အကျိုးပေးတွေ ကလည်း အထင်အရှားဘုရားဆို, အို-ဒကာဒကာမတို့ သူတော့ မလိုက်တာအမှန်ဘဲ, သို့သော် သူနဲ့အလားတူ ပေါ် တယ်လို့သာ မှတ်လိုက် . . . (မှန်ပါ)။ လိုက်တာလား, ဟိုမှာ အလားတူ ပေါ်တာလား၊ (အလားတူ ပေါ်တာပါ)။ လိုက်တော့မလိုက်ဘူး. . . (မလိုက်ပါ)။ သဘောကျလား. (ကျပါတယ်)။ လိုက်တော့လိုက်ကဲ့လား. . . (မလိုက်ပါဘူး)။ ဘယ်လိုပေါ်တာပါလိမ့်. . . (အလားတူပေါ်ပါတယ်)။

www.dhammadownload.com



ဒီမှာ သန့်သန့်ရှင်းရှင်းနာမ်ရုပ်နဲ့, သန့်သန့်ရှင်းရှင်း စေတနာနဲ့, သန့်သန့်ရှင်းရှင်းရုပ်နဲ့ ရေတွေဘာတွေချိုး အဝတ်အစားပါ လဲပြီးမှ,လှူဒါန်းပေးကမ်းခဲ့သည်ရှိသော်, ဟိုမှာ ဒီနာမ်ရုပ်ဟာ ဒီမှာချုပ်ပြီး, ဟိုမှာနာမ်ရုပ်ကလည်း, ဟိုမှာ သန့်သန့်ရှင်းရှင်းစေတနာနဲ့ သန့်သန့်ရှင်းရှင်း နာမ်ရုပ်ပဲ ပေါ် ရတယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

ဒါဖြင့် ဒကာ-ဒကာမတို့ အလားတူပေါ်တာကိုသာ ဆိုတာပါ, နောက်ကလိုက်နေတယ်ဆိုတာ နေယျတ္တလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။ နေယျတ္တဆိုတာ ဆောင်ယူတာနော်. . . (မှန်ပါ)။ တကယ်တော့ လိုက်ပါရဲ့လား. . . (မလိုက်ပါဘူး)။ ရှင်းကြလား. . . (ရှင်းပါတယ်)။

အေး-ဒါ့ကြောင့် တစ်နေ့ကလည်း ပြောခဲ့ရတယ်

အနန္တရနိဗ္ဗဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၊ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယောဆိုတော့ အရင်နာမ် အရင်စိတ်စေတသိက် ချုပ်ပြီးသကာလတဲ့ နောက်စေတသိက် နောက်စိတ်စေတသိက်ပေါ်တာပါဘဲ . . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ အရင်စိတ်၊ စေတသိက်. . . (ချုပ်သွားပါတယ်)။ သူနဲ့အလားတူဘာပေါ်ပါလိမ့်. . . (စိတ်စေတသိက်ပေါ်ပါတယ်)။ နောက်စိတ်စေတသိက်ပေါ်ပေါ့. . . (မှန်ပါ)။ ဒီမှာဒီနေရာ ဒီနာမ်

www.dhammadownload.com



ရုပ်ချုပ်ပြီးသကာလ နောက်ဘဝကျတော့ ဘာတွေများ ဖြစ်ပါလိမ့်. . . (နောက်နာမ်ရုပ်ပေါ်ပါတယ်)။ နောက်နာမ်ရုပ်ပေါ်တာဘဲရှိတယ်, အလားတူပေါ်တယ်‥. . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

အင်း၊ ဒီကနာမ်ရုပ်ကတော့ ဒီတင်ပြတ်တယ်နော်. . (မှန်ပါ)။ ကောင်းပြီ ဒါဖြင့် ဒကာ-ဒကာမတို့ သဃတရှင်းပါသလား. . . (ရှင်းပါတယ်)။ ခိုင်တယ်မြဲတယ်လို့ ယူသေးရဲ့လား. . . (မယူတော့ပါဘူး)။ မယူတော့ဘူး ဒါဖြင့် ဩော် အလားတူပေါ်မှုကို လိုက်တယ်လို့ ဆိုတာကိုးလို့ ပြင်ပြီးမှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

အလားတူပေါ်မှုကို လိုက်တယ်လို့ ဘုရားက သိလွယ်အောင်လို့ ဆောင်ပြီးသကာလ ဟောလိုက်ခြင်းဖြစ်ပါတယ်, စင်စစ်တော့ဖြင့် မလိုက်ပါဘူး၊ အလားတူပေါ်တာနဲ့ ဒကာဒကာမတို့လိုက်တယ်လို့ထင်ရအောင် ဉာဏ်ထဲမှာ အင်းဉာဏ်နုတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် ဆောင်ဟောလိုက်ခြင်းဖြစ်ပါတယ်၊ စင်စစ်သဖြင့် ဒီမှာလုပ်တဲ့ နာမ်ရုပ်သည် ဟိုဘဝဟိုခဏ ဒီခဏတောင် မလိုက်ပါဘူးလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်)။ လိုက်ကဲ့လား. . . (မလိုက်ပါဘူး)။ မလိုက်လို့ကောတဲ့ သူ့သတ္တိတော့ ကင်းပါရဲ့လားဆိုတော့ အလားတူပေါ်တာကြည့်လိုက်တော့,

www.dhammadownload.com



ဩဘ်ဒါဖြင့် အလားတူပေါ်တာ ကြည့်လိုက်တော့ ဒကာ
ဒကာမတို့ ချုပ်တာလည်း အမှန်ဘဲ၊ အလားတူဖြစ်တာလည်း
အမှန်ဘဲဆိုတော့ ဥစ္ဆေဒဒိဋ္ဌိကော ရှိသေးရဲ့လား. . .
(မရှိပါဘူး)။

ဒါဖြင့် မလိုက်တာသိလို့ သဿတစင်ပါတယ်. . .
(မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ အလားတူ
ပေါ်တာသိရသဖြင့် ဩဘ်သတ္တိ အကြောင်းအကျိုးလေး
တော့လည်း ဆက်နေသေးတယ်ကိုး ဆိုတာလေးကတော့
လည်း ရှိနေသောကြောင့် ဥစ္ဆေဒဒိဋ္ဌိလည်း စင်ပါတယ်. . .
(မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ သဿတ
ဒိဋ္ဌိကော. . . (စင်ပါတယ်)။

မလိုက်မှန်းသိတဲ့အတွက်. . . (ဥစ္ဆေဒဒိဋ္ဌိစင်ပါ
တယ်)။ မလိုက်မှန်းသိတဲ့အတွက်. . . (သဿတဒိဋ္ဌိစင်
ပါတယ်)။ ့မ်းဖြေလို့ မရဘူး၊ ဒီဥစ္စာ အင်မတန် နူးညံ့တဲ့
တရား၊ . . . (မှန်ပါ)။ မလိုက်မှန်းသိတဲ့အတွက် . . .
(သဿတဒိဋ္ဌိ-စင်ပါတယ်)။ အလားတူ ပေါ်တာသိရတဲ့
အတွက်၊ . . . (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်)။

အဲ့ဒီလိုမြင်မှသာလျှင် ဒကာ-ဒကာမတို့ အတည့်ကြီး
တည့်တော့တယ်ဆိုတာ, သေသေချာချာမှတ်ပါ. . . (မှန်ပါ)

www.dhammadownload.com



တည့်ပြီလား. . . (ဝ.ည့်ပါပြီ)။ ကောင်းပြီ ဒါက ပဋ္ဌာန်းနဲ့ ညှိလိုက်တော့မှ ပိုပြီးရှင်းတယ်. . . (မှန်ပါ)။

## အခေါ်ကဗုဒ္ဓဘာသာ အယူက သဿတဒိဋ္ဌိ

သုတ္တန်နည်းနဲ့ နေယျတ္ထဆောင်ဟောထားတာ၊ ခင်ဗျားတို့က, ယူလိုက်လို့ရှိရင် သဿတဒိဋ္ဌိ, ဗုဒ္ဓဘာသာ၊ အခေါ်ဗုဒ္ဓဘာသာ, အယူမှာ သဿတဒိဋ္ဌိ ဖြစ်နေတယ်. . . (မှန်ပါ)။ အခေါ်မှာ. . . (ဗုဒ္ဓဘာသာပါ)။ အယူမှာ၊ (သဿတဒိဋ္ဌိ ဖြစ်နေပါတယ်)။

ဒကာ-ဒကာမတို့ ထူးထူးခြားခြား သိရပြီ. . . (သိရပါဘုရား)။ ထူးထူးခြားခြား သိရပြီနော်. . . (မှန်ပါ)။

အဲ့ဒါ ဘယ်ပါဠိတော်မှာ လာသတုန်း မေးဖို့ လိုလာတယ်နော်၊ (မှန်ပါ)။ ဒီလိုယူတတ်တယ်ကွဆိုတာ ဘုရားက. ဘုရားသခင်ကိုယ်တော်မြက်ကြီး, သာဝတ္ထိပြည်, ဇေတဝန်ကျောင်း သီတင်းသုံးပြီးသကာလ နေတဲ့အခါကျလို့ရှိရင်. . .

အားလုံး အနတ္တတွေကို သူဟောနေတယ်၊ ရုပ် အနတ္တာ, ဝေဒနာ အနတ္တာ, သညာ အနတ္တာ, သင်္ခါရာ အနတ္တာ, ဝိညာဏ် အနတ္တာ ဟောတော့-

ရဟန်းတစ်ပါးက ဒီထဲမှာ သူက ဘဝတဏှာကရှိတဲ့ ရဟန်း, ပညာကလည်း မရှိ, နောက်ဘဝကိုလည်း သူက

www.dhammadownload.com



ခင်တွယ်တဲ့ ဘဝတဏှာကလည်း ရှိပြီးသကာလနေတော့, ဒီ ရဟန်းက စိတ်ကူးပေါ်လာတယ်၊ ဒီရဟန်းက ဘယ်အချိန် ဘယ်လိုပေါ်လာတုန်းဆိုလို့ရှိရင်ဖြင့်တဲ့-

တေန ခေါ ပန သမယေန အညတရော ဘိက္ခု စေတ သော ပရိဝိတက္ကော ဥဒပါဒိ, ရူပံ အနတ္တာ, ဝေဒနာအနတ္တာ, ဝိညာဏံ အနတ္တာ; အနတ္တကတာနိ ကမ္မာနိ။

အနတ္တကတာနိ=ငါမဟုတ်သည်ပြုအပ်ကုန်သော။ ကမ္မာနိ=ကံတို့သည်။ ကမ္မတ္တာနံ=ကံသာလျှင် မိမိဥစ္စာ အဖြစ်သို့။ ဖုသံန္တိ=ယူကုန်၏။

ဪ် - ဘုရားက အကုန်အနတ္တတဲ့၊ ခန္ဓာငါးပါး အကုန်အနတ္တတရားဟောလိုက်တော့ဖြင့် ဘာမှအားကိုးရာ မရှိတော့ပါလား၊ သံသရာသွားဖို့ရာ ဘာမှအားကိုးရာ မရှိ တော့ပါလား၊ သူ့စိတ်ထဲ ဒီလိုဖေါက်လာတယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

အကုန်အနတ္တ ဟောလိုက်တော့ သူဘာမှ အားကိုး ရာမရှိတော့ဘူးလို့ သူမယူပေဘူးလား. . . (ယူပါတယ်)။ အဲ့ဒီလို သူကဖောက်ပြန်ပြီးသကာလ မောင်နိုင်တို့ ကိုမြင့်တို့ ယူလိုက်တယ်. . . (မှန်ပါ)။ ဪ် - ကံဘဲ ငါ့ဟာရှိတော့မှာ ဘဲ. . . (မှန်ပါ)။ ဆိုပြီး ယူလိုက်တယ်. . . (မှန်ပါ)။ ကံ ကမ္မတ္တာနံ=ကံသာလျှင် ငါ့အရာငါ့အဖြစ်သို့။ ဖုသန္တိ=ရောက်

www.dhammadownload.com



ကုန်၏။ ကံ,သာလျှင် ငါ, တခါတဲ ငါ၏ဥစ္စာ၊ ဒါတစ်ခုဘဲ ငါ, ငါ ဒါဟာကံဘဲ၊ ငါယူလာတာဘဲ, ကျန်တာတွေ အကုန် အနတ္တာဘဲတဲ့. . . (မှန်ပါ)။ ဆိုတော့ ဘာဒိဋ္ဌိဖြစ်သွားလဲ. . . (သဿတဒိဋ္ဌိဖြစ်သွားပါတယ်)။

အဲ့ဒီတင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက, ဩော် ငါ့တရားပွဲထဲမှာ ဘဝတဏှာကြီးစိုးတဲ့ ရဟန်း ပါနေပါလား. . . (မှန်ပါ)။ ဘုရားက ရိပ်မိတယ် . . . (မှန်ပါ)။ ဘုရားက အဲ့ဒီတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက-

**ဌာနံ ခေါ ပနေတံ ဘိက္ခဝေ ဝိဇ္ဇတိ ယံ ဣဓေကစ္စော မောဃပုရိသော အဝိဒ္ဒါဂတော တဏှာဓိပတေယျေန စေတသာ သတ္ထုသာသနံ အတိဓာဝိတဗ္ဗံ မညေယျ** ဆိုပြီးတော့ ဘုရားက ပါဠိတော်ထုတ်လိုက်တယ်။

ဩော် ငါဘုရားတရားဟောနေတဲ့အထဲမှာ ဒီထဲမှာ ဘဝတဏှာမစွန့်နိုင်တဲ့ ပုဂ္ဂိုလ်က ကံဘဲ ငါ့ဥစ္စာလို့, ငါလုပ်ရတော့မှာဘဲလို့ သူယူပေါ့ကိုး၊ ပညာကလည်း မရှိ, အဝိဇ္ဇာကလည်းများ, ဘဝတဏှာကလဲ မစွန့်သေးတဲ့ပုဂ္ဂိုလ်မို့, ကံကို ငါ့ဥစ္စာ, ကံဘဲငါ အားကိုးပြီးသကာလ, ကံဘဲငါ့ဥစ္စာရှိတော့တယ်လို့ ငါဘုရားဟောတဲ့ အနတ္တကျော်ပြီးတော့ အတ္တဘက် ပြေးသွားပါပေါ့လားလို့ ဘုရားက အသေအချာသိတယ်၊ . . . (မှန်ပါ)။ သဘောပါလား . . . (ပါပါတယ်)။

www.dhammadownload.com



ငါဘုရားဟောတဲ့ အနတ္တကို၊ သူအတ္တလို့ ကံကို အတ္တလို့ ယူလိုက်ပါပေါ့လားလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီအချိန်မှာ ရဟန်းအကြောင်းကို ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတဉာဏ်ထဲမှာ ပေါ်လာတယ်နော်. . . (မှန်ပါ)။

ပေါ်တာနဲ့ ငါဘုရား၏ တရားတော်ကို ကျော်လွန်ပြီးသကာလ၊ ပြေးလွှားပြီးသကာလ၊ ပညာကမရှိ၊ အဝိဇ္ဇာက များ၊. . .

တဏှာက ဘုံဘဝတွယ်တာတဲ့ပုဂ္ဂိုလ်မို့ ဒီကံကို ငါအားကိုးရတော့မှာဘဲလို့၊ ယူတာဟေး. . . (မှန်ပါ)။

ဒကာ-ဒကာမတို့ ခင်ဗျားတို့ အံကုန်ထိကုန်တာဘဲ (မှန်ပါ)။ မထိဘူးလား. . . (ထိပါတယ်)။ အသေအချာ စဉ်းစားကြည့်စမ်း. . . (ထိပါတယ်)။ အသေအချာ ထိတယ်ဆိုတာ ပေါ်ကြလား. . .(ပေါ်ပါတယ်)။ ခင်ဗျားတို့ ဘာမှ အားကိုးစရာ မရှိတော့ဘူး၊ ကံဘဲဘုရား၊ ဦးပါလေးတို့ ဒီတိုင်း မနေဘူးလား. . . (နေပါတယ်)။

## ကံပေါ်မှာအတ္တဒိဋ္ဌိယူနေကြတယ်

ဒါဖြင့် ခင်ဗျားတို့သည် တခြားဟာ အနတ္တယူတယ်၊ ကံပေါ်မှာ ခင်ဗျားတို့ အတ္တဒိဋ္ဌိမယူဘူးလား. . . (ယူပါတယ်)။ အတ္တဒိဋ္ဌိဆိုတော့ ကံကတော့ မပျက်တော့ဘူးဆိုပြီး

www.dhammadownload.com



အတ္တဒိဋ္ဌိထဲမှာ သဿတဒိဋ္ဌိကလည်း တွဲလျက်ကြီး ဖြစ်မနေဘူးလား . . . (နေပါတယ်)။

အဲ့ဒီလို ဘုရားတရားဟောရင်းကို အနတ္တဟောရင်း မတ်တတ်နဲ့ သူက ကံအတ္တယူပြီး သကာလ သွားလို့ ဘုရားက ချက်ချင်းဖေါ်ရတယ်. . . (မှန်ပါ)။ ငါဘုရား၏ ဉာဏ်တော်ကို သူတွေးရင်း ကျော်လွန်ပြီးသကာလ, အနတ္တတွေ ဟောနေပါလျက်သားနဲ့, အားကိုးရာမရှိတော့တဲ့ ဒီဘဝမှာ အားကိုးရာ မရှိတော့ဘူးဆို, ဘဝတဏှာက ကြီးစိုးနေတဲ့ ပုဂ္ဂိုလ်မို့ ပညာကလည်းနဲ့, အဝိဇ္ဇာကလည်းများ, ဘဝတဏှာကလည်း ကြီးထွားနေတဲ့ပုဂ္ဂိုလ်မို့, ကံကိုအတ္တလို့ ငါဘုရားတရားပွဲထဲ ယူနေပါပေါ့လား,

ငါဘုရား၏ တရားတော်တွေကို ပြေးလွှားရတဲ့ အဓိပ္ပါယ်၊ အတိဓာဝတ္တိ မညေ, လွန်ပြီးသကာလ ယူသွားတဲ့ အဓိပ္ပါယ်၊ ဒီထဲ ရဟာန်းတစ်ပါးပါနေပါပေါ့လား. . . (မှန်ပါ)။ ဘုရားက အသေအချာထုတ်ဖော်ပြောရတယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဒ်.ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်-နော်. . . (မှန်ပါ)။

ကိုင်း-ဒါဖြင့် ဒကာ- ဒကာမတို့ အဲ့ဒီတင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုဟောရပါတုံးလို့ မေးတဲ့အခါ, မင်း-ကံ-ကံကိုအတ္တလို့မယူနဲ့ဟေ့, ကံကို

www.dhammadownload.com



အတ္တလို့ မယူနဲ့၊ ကံသည်ကားလို့ဆိုလို့ရှိရင်ဖြင့် သင်္ခါရက္ခန္ဓာကွ၊ သင်္ခါရက္ခန္ဓာဖြစ်သောကြောင့် အနတ္တလို့သာ ယူကွ၊ . . (မှန်ပါ)။ ဒီမှာပြန်ပြောရတယ်၊ ကံကိုဘာရယ်လို့ ယူကြမလဲ. . . (အနတ္တလို့ ယူရပါမယ်)။ အနတ္တလို့ ယူကြစမ်းပါ ဒကာ်-ဒကာမတို့, သဘောကျလား. . . (ကျပါတယ်)။

ခုနက အလားတူပေါ် တာကို သိသဖြင့်လည်း ဒီကံဟာ မလိုက်ဘူးဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်) အလားတူပေါ် ပါတယ်၊ ဒီဟာ တစ်ခုမှ မလိုက်ဘူးဆိုတာ ဒကာဒကာမတွေ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။

ကိုင်း-ဒါဖြင့် ဟောဒီဘက်က ဖယောင်းတိုင်လေး တစ်တိုင် မီးထွန်းတယ် ဒကာ-ဒကာမတို့, မီးကလေးနဲ့နော် . . . (မှန်ပါ)။ ဒီဖယောင်းတိုင်လေးက မီးမပါတဲ့ ဖယောင်းတိုင်၊ သို့သော် မီးခြစ်မခြစ်ချင်တာနဲ့ အားလုံးဒကာဒကာမတို့ ဒီဖယောင်တိုင်လေး ကိုင်လိုက်လို့ ဒီဖယောင်းတိုင်သွားညှိ, ညှိပြီးဒီနေရာမှာဘဲ တည်လိုက်တယ်၊ မီးနှစ်တိုင်ဖြစ်မသွားဘူးလား. . . (ဖြစ်သွားပါတယ်)။ ဒါက ပထမအတိုင်နော်း . . (မှန်ပါ)။ ဒါက. . . (ဒုတိယအတိုင်ပါ)။

ဒုတိယမီးသည်, ဒကာ-ဒကာမတို့ ဒုတိယမီးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ပထမမီးလိုက်လာတာလားလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ. . . (မဟုတ်ပါဘူး)။ ပထမမီး

www.dhammadownload.com



...လာတာလား. . . (မဟုတ်ပါဘူး)။ လိုက်လာခဲ့သည် ရှိသော် ပထမမီး ငြိမ်းပြီးနေရမယ်. . . (မှန်ပါ)။ လိုက်လာရင် ပထမမီး ဘာဖြစ်ရမလဲ. . . (ငြိမ်းရပါမယ်)။ သဘောကျလား. . . (ကျပါတယ်)။ သူလဲငြိမ်းရဲ့လား. . . (မငြိမ်းပါဘူး)။ သူလဲတောက်တယ်. . . (မှန်ပါ)။ ဒီမှာလဲ ဖယောင်းတိုင်နဲ့ မီးနဲ့ဘဲ. . . (မှန်ပါ)။ ဒီမှာကော. . . (ဖယောင်းတိုင်နဲ့ မီးနဲ့ပါ)။

ဖယောင်းတိုင်နဲ့ မီးနဲ့ဘဲတဲ့ ဒကာဒကာမတို့ ဒီဖယောင်းတိုင်နဲ့ ဒီမီးဟာ လိုက်လာမယ်ဆိုလို့ရှိရင်လည်း ကဲ ဖယောင်းတိုင်တော့ အသာထားပါတော့ ဒီမီးလိုက်လာမယ်ဆိုရင် ပထမမီးငြိမ်းဖို့သင့်တယ်. . .(မှန်ပါ)။ မသင့်ဘူးလား. . . (သင့်ပါတယ်)။ သင့်ပြီးသကာလနေတော့ ဒီလိုဘဲ ငြိမ်းပါလား. . . (မငြိမ်းပါဘူး)။

ဩော်-မငြိမ်းတဲ့အခါကျလို့ရှိရင်, ဒကာ-ဒကာမတို့ ဘယ်လိုမှတ်ကြရမတုန်းလို့ မေးတဲ့အခါကျတော့ လုံးဝ မလိုက်လာဘူးသာ ယူပစ် . . .(မှန်ပါ)။ ရှင်းကြလား. . . (ရှင်းပါတယ်)။ ဘယ်လိုယူကြမယ်. . . (လုံးဝမလိုက်ပါဘူး) လုံးဝမလိုက်လာလို့ သူ့သတ္တိကင်းပါရဲ့လား မေးပြန်တော့. . (မကင်းပါဘူး)။ မကင်းလို့ ဒီမီးဟာ ဒုတိယမီးမှာ လာတောက်နေတယ်. . . (မှန်ပါ)။ လိုက်လည်း မလိုက်ဘူး . . (မှန်ပါ)။

www.dhammadownload.com



သတ္တိတော့. . . (မကောင်းပါဘူး) အလားတူလို့. . . (သိရပါမယ်)။ အဲအလားတူ ကျေးဇူးပြုတာလို့သာ မှတ်ရမယ်၊ ဒီမီးလုံးဝမလိုက်ဘူး. . . (မှန်ပါ)။ သဘောပါပြီလား. . . (ပါပါတယ်)။ လိုက်ပါရဲ့လား. . . (မလိုက်ပါဘူး)။

အဲ့ဒီအတိုင်းဘဲပေါ့၊ မူလတဏှာလိုက်ကိုမလိုက်ဘူး . . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဒီလို အလားတူတော့ဖြင့်. . . (ပေါ်ပါတယ်)။ ပေါ်တယ်ဆိုတဲ့ သဘောတော့ ကျေနပ်ပါပြီလား. . . (ကျေနပ်ပါတယ်)။ ဒါဖြင့် ဒီလိုယူလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ကံလည်း အနတ္တဘဲ (မှန်ပါ)။

## ကမ္မ ဝိပါကဿ

ဒါကိုဖြင့် လက်လွှတ်မပစ်လိုက်ပါနဲ့. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ကံကို ဘယ်လိုယူကြမယ် (အနတ္တပါ)။ အနတ္တလို့သာယူလိုက်တော့ အနတ္တဖြင့် အတ္တသတ္တိ အကုန်ရုပ်သိမ်းသွားတာဘဲဆိုပြီး သကာလ, ခုနက သူနဲ့သဘောတူမျိုး ပေါ်ပါလိမ့်မတုန်း, နောက်အကျိုးတရားတွေ ဘယ့်နှယ်ကြောင့် ပေါ်ပါလိမ့်မလဲ၊ ကမ္မ ဝိပါကဿဆိုတော့ ဘုရားကလည်း ခွဲထားတာဘဲ, ကမ္မ-က- ကံဘဲ, ဝိပါကဿ-က-အကျိုးကွ, မတူဘူးကွ၊ ကံက

www.dhammadownload.com



အကြောင်း တရား၊ ဝိပါက က. . . (အကျိုးတရားပါ)။ မတူဘူးလို့ ပြောသားဘဲ . . . (မှန်ပါ)။

ကံလိုက်လာလို့ရှိရင် ကံနဲ့ဝိပါကနဲ့ ရောနေမှာပေါ့. . (မှန်ပါ)။ ရောရဲ့လား. . . (မရောပါဘူး)။ ဒါဖြင့် ကံက ကံနေရာချုပ်ခဲ့. . . . (မှန်ပါ)။ ဝိပါက က ထိုက်သလို ပေါ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ကံက ကံနေရာမှာ. . . (ချုပ်ခဲ့ပါတယ်)။ ဝိပါက,က. . . (ထိုက်သလို ပေါ်ရပါတယ်)။ ထိုက်သလိုပေါ်ရတယ် ဆိုတာ ကော ကောင်းကောင်းကျေနပ်ပလား. . . (ကျေနပ်ဖါတယ်)။ ရှင်းပြီနော်. . . (ရှင်းပါတယ်)။ တူရော တူရဲ့လား . . (မတူပါဘူး)။ ဒီတော့ ကံဆိုတာ အကြောင်း တရား၊ ဝိပါက ဆိုတာ. . . (အကျိုးတရားပါ)။

## အကြောင်းအကျိုးသာ သန္တတိချင်းဆက်တယ်

ဒါဖြင့် အကြောင်းအကျိုးသာ ဒကာ-ဒကာမတို့ သန္တတိချင်းဆက်တယ်, နည်းနည်းမှ ဒီကံဟာ ဒီအထဲမပါ ဘူး. . . (မပါပါဘူး)။ ပါသေးရဲ့လား. . . (မပါပါဘူး)။ ဘာဖြစ်လို့တုံး အကြောင်းနဲ့အကျိုးကိုး. . . (မှန်ပါ)။ အကြောင်းက နာမ်တရား၊ ဟုတ်လား. . . (မှန်ပါ)။ အကြောင်းက စေတနာဆိုတဲ့ နာမ်တရားဟုတ်လား . . . (မှန်ပါ)။

www.dhammadownload.com



အဲဒီတော့ အကျိုးတရားဆိုတာ၊ သူ့ကြောင့်ဖြစ်တဲ့ ဝိပါက်တရားတွေ၊ ဝိပါက်နဲ့ပတ်သက်တဲ့ ရုပ်တွေကို မခြားနားဘူးလား. . . (ခြားနားပါတယ်)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

ကောင်းပြီ ဒါဖြင့် ကံဟာအနတ္တဘဲ၊ သဘောကျလား (ကျပါတယ်)။ ကံအမိ, ကံအဖ တို့နောက်လိုက်နေတယ်ဆိုတဲ့ အယူဟာဖြင့် ဆောင်ဟောခြင်းကြောင့် ဒကာ-ဒကာမတို့ ဝိပဿနာအားထုတ်တဲ့အခါမယ် ဒီအယူမဖြုတ်လို့ရှိရင် ခင်ဗျားတို့ အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိကခံနေလို့ မဂ်ဖိုလ်ရကြမယ်မဟုတ်ဘူး. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ကောင်းကောင်းကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်)

အင်း တော်တော်အရေးကြီးလို့ ပြောနေတယ်လို့၊ နာရီကုန်ခံပြီးပြောနေတယ်၊ နာရီဝက်ရှိသွားပြီ. . . (မှန်ပါ)။ တော်တော်အရေးကြီးလို့ပြောတယ်ဆိုတာကော ကျေနပ်ပလား. . . (ကျေနပ်ပါတယ်)။

ဗုဒ္ဓဘာသာမှာ ဒီဥစ္စာ အတော်ကိုဘဲ ဒီလိုဆရာကောင်း သမားကောင်းနဲ့ လယ်လယ်ပယ်ပယ် အကြောင်းအကျိုးဆက်ပြီး ကျမ်းအမျိုးမျိုးနဲ့ အကိုးအကား. . . ထားပြီး မပြ, မသ ခဲ့သော် ဗုဒ္ဓဘာသာမှာ သဿတဒိဋ္ဌိရှိတယ်. .

www.dhammadownload.com



(မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဘာရှိနေလဲ (သဿတဒိဋ္ဌိရှိပါတယ်)။ ကမ္မဝါဒီသဿတဒိဋ္ဌိ. . . (မှန်ပါ)။ ကျေနပ်ကြပါပြီလား. . . (ကျေနပ်ပါတယ်)။

ကျေနပ်ကျလို့ရှိရင်ဖြင့် ကံဟာအနတ္တဘဲနော်. . . (မှန်ပါ)။ လုံး၀ ဒါဖြင့် အကျိုးမပေးတော့ဘူးလားဆိုတော့ အကျိုးတော့ပေးတယ်တဲ့. . . (မှန်ပါ)။ ဟုတ်လား၊ (မှန်ပါ)။ သူတော့ လိုက်မလာဘူး . . (မလိုက်ပါဘူး)။ ဒီလိုတော့ ယူကြပါ (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါတယ်)။ ကောင်းပြီ ဒါဖြင့် ဒီအခန်းကို ဒီတွင်ရပ်ပါတော့နော်. . . (မှန်ပါ)။

## ကံခြောက်မျိုး

အင်္ဂုတ္တိုရ်ကို ပြပါတော့မယ်၊ အားလုံးခြောက်ချက်၊ ဒကာ-ဒကာမတို့နော်, အင်္ဂုတ္တိုရ်မှာ မနေ့က အာသ၀ခြောက်မျိုးပြခဲ့သလို ဒီမှာလဲခြောက်မျိုးပြရဦးမှာ၊ ကံခြောက်မျိုးကို ဟောရဦးမှာ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

၁။ စေတနာဆိုတဲ့ ကံကိုသိမှုက တစ်နံပါတ်. . (မှန်ပါ)။

၂။ စေတနာဖြစ်ကြောင်းသိနေတာ. . . (နှစ်ပါ)။ နှစ်နံပါတ်

www.dhammadownload.com



၃။ စေတနာလေးထူးခြားပုံသိမှုက. . . (သုံးနံပါတ်)

၄။ စေတနာလေး၏ အကျိုးပေးသိမှုက. . .
(လေးနံပါတ်)။ လေးနံပါတ်. . သဘောကျလား. .
(ကျပါတယ်)

၅။ စေတနာလေး၏ ချုပ်ရာကို သိမှုက . . . (ငါးနံပါတ်)

၆။ စေတနာလေးချုပ်ရာအကျင့်ကို သိမှုက . . .
(ခြောက်နံပါတ်)။

မနေ့ကအတိုင်းလာတာဘဲ. . . (မှန်ပါ)။ သဘောကျလား (ကျပါတယ်)။

## ကံကိုသိမှု

ကောင်းပြီ ဒီခြောက်ချက်တော့ ဒကာ, ဒကာမတွေ ဆုံးအောင်ကို ပြောပါ့မယ်. . . (မှန်ပါ)။ ဒါဖြင့် ကံကို သိရမယ်ဆိုတော့ ကံသည် ဒကာဒကာမတို့ ကာယကံ, ဝစီကံ, မနောကံ. . . (မှန်ပါ)။

ကိုယ်နဲ့ပြုလုပ်တဲ့ ဥပမာမယ် ဘုရားပန်းတွေလဲကြတယ်, အင်း-ကာယကံ မနေဘူးလား. . . (နေပါတယ်)။ တော်တော်ကြာ ဩကာသ, ဩကာသနဲ့ ပန်းကပ်တဲ့အခါကျတော့ ဘယ့်နှယ်ပါလိမ့်. . . (ဝစီကံပါ)။ အင်း-ပြန်သွားတဲ့အခါကျတော့ ကိုယ့်ပန်းလေးတွေကို ဟိုက အာရုံပြုပြီးသကာ

www.dhammadownload.com



လတွေးလုံးကလေး လာနေတဲ့အခါကျတော့ ဘယ့်နှယ် ဖြစ်မတုန်း. . . (မနောကံပါ)

ဩော်-ဒါဖြင့် ဒကာ-ဒကာမတို့ ကံသုံးပါးဆိုတာ သဘောကျလား. . . (ကျပါတယ်)။ ပန်းတွေဘာတွေ ရေလဲ ဆေးနေတုန်းကတော့ ဘာတဲ့ . . .(ကာယကံပါ)။ အင်း-တော်ကြာကျတော့ အရှင်ဘုရားအား ပန်းလှူပါ၏ဆိုတော့ ဘာတဲ့. . . (ဝစီကံပါ)။ ဒီနေ့ လှူရတာန်းရတာဖြင့် ကျေနပ်လိုက်တာ. . . (မနောကံပါ)။ ကံသုံးပါး, ကံသုံးပါး၊ အဲ့ဒီ စေတနာသုံးခု၊ ကာယကံ, ဝစီကံ, မနောကံ, ကံသုံးပါး သိပြီနော်. . . (မှန်ပါ)။

ကမ္မ-ကံကို ရှေးဦးစွာသိရမယ်လို့ တစ်နံပါတ်အဖြေဖြင့် မောင်နိုင်တို့, ကိုမြင့်တို့ထွက်သွားပြီ. . . (မှန်ပါ)။ ကံ ဘယ်နှစ်မျိုးပါလဲ. . . (သုံးမျိုးပါ)။ စေတနာချည်းဘဲနော် (မှန်ပါ)။ ကာယကံလည်း ကာယဒွါရမှာဖြစ်တဲ့စေတနာဘဲ၊ (မှန်ပါ)။ ဝစီကံကော. . . (ဝစီဒွါရမှာဖြစ်တဲ့စေတနာပါ)။ ဝစီဒွါရမှာဖြစ်တဲ့ကံဘဲ၊ (မှန်ပါ)။ မနောကံကော. . . (မနောဒွါရမှာ ဖြစ်တဲ့စေတနာပါ)။ မနောဒွါရမှာဖြစ်တဲ့ စေတနာဘဲ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါ တယ်)။ စေတနာသုံးမျိုးရှိတယ်ပေါ့နော်. . . (မှန်ပါ)။

www.dhammadownload.com



## ကံဖြစ်ကြောင်းကိုသိမှု

ဒီကံ ဘယ်သူ့ကြောင့်များ ဖြစ်ပါလိမ့်မလဲလို့ ဒကာ-ဒကာမတို့ မေးဖို့မလိုဘူးလား . . (လိုပါတယ်)။ အဲ့ဒါ သိရဦးမယ်ကွ၊ ဒီကံဘယ်သူကြောင့်ဖြစ်တယ်ဆိုတာ သိရဦးမယ်ဆိုတော့ ဒကာ-ဒကာမတို့ ဒီကံဘယ့်နှယ်ကြောင့် ကံဟာအလိုလိုပေါ်လာတယ်ဆိုရင် အဟောတုကဒိဋ္ဌိ ဖြစ်ဦးမယ်. . . (မှန်ပါ)။

အင်း-ဒီကံဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်မလဲဆိုတဲ့ အကြောင်းကို မင်းတို့သိရမယ် နိဗ္ဗေဓိကသုတ်ကို ထိုးထွင်း သိရမယ်တဲ့. . . (မှန်ပါ)။

သဘောကျလား. , (ကျပါတယ်)။ စျေးထဲသွားတဲ့ အခါ ပန်းနဲ့မျက်လုံးနဲ့တွေ့တဲ့အခါကျတော့ ဝယ်လိုတဲ့စေတနာ၊

ဒါဖြင့် တွေ့တာက ဖဿ၊ ဝယ်တဲ့စေတနာက ကံ . . . (မှန်ပါ)။ ဒါဖြင့် ကံဘယ်သူ့ကြောင့်ဖြစ်တုန်း . . . (ဖဿကြောင့် ဖြစ်ပါတယ်)။ မတွေ့တာ လှူချင်ပါတယ်လို့ လာကြရဲ့လား. . . (မလာပါဘူး)။ မကြားဘူးတာ ကြားချင် တယ်လို့. . . (မရှိပါဘူး)။

ဒါဖြင့် ဒကာ-ဒကာမတို့ တွေ့တာမှ လှူချင်တယ် . . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်)။ မြင်တာ မှ. . . (လှူချင်ပါတယ်)။ ကြားတာမှ. . . (လှူချင်ပါတယ်)။

www.dhammadownload.com



လျှချင်တယ် ဆိုတဲ့စေတနာဟာ ဒကာဒကာမတို့ တွေ့ပြီးမှ လှူချင်တဲ့သဘော ဆိုတာ သေချာပါသလား. . . (သေချာပါတယ်)။ ကံဘယ်သူ့ ကြောင့်ဖြစ်တုန်း. . . (ဖဿကြောင့် ဖြစ်ပါတယ်)။

ဩော်ဒါဖြင့် ကံသုံးပါး ဖဿကြောင့်ဖြစ်တယ်လို့ မှတ်လိုက် (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ကံသုံးပါး ဘယ်သူ့ကြောင့် ဖြစ်ရလဲ. . . (ဖဿကြောင့် ဖြစ်ပါတယ်)။

အင်း-တစ်ခါတလေများ စဉ်းစားကြည့်စမ်းပါလား၊ ကိုယ် စားနေရင်းမတ်တတ်နဲ့ ဟင်းလေးက ကိုယ့်ပါးစပ်ထဲမှာ တွေ့ပြီဆိုမှ ဖြင့်လေ ဟာ-ဘုန်းကြီးကပ်ချင်လိုက်တာ ဟုတ်လား၊ သံဃာတွေကပ်ချင် လိုက်တာ၊ ဟောကပ်ချင်တဲ့ စေတနာ ပေါ်လာတယ်. . , (မှန်ပါ)။ လျှာပေါ်မှာတွေ့ရင်. . . (ပေါ်ပါတယ်)။ မတွေ့ရင် (မပေါ်ပါဘူး)။ တွေ့တာက ဘာပါလိမ့်. . . (ဖဿပါ)။ အင်း-လှူချင်တာက ကံ. . . (ကံ)။ လှူချင်တဲ့စေတနာလေးက . . . (ကံ)။ ကံ။

## ကံဘယ်က လာသတုံး

ဒါဖြင့်ဒကာ-ဒကာမတို့ ကံ ဘယ်ကလာသတုံး. . . (ဖဿက လာပါတယ်)။ မှတ်ထား, မှတ်ထားနော်. . . (မှန်ပါ)။ ကံ၏ အကြောင်း ဘယ်သူပါလိမ့်. . . (ဖဿပါ)။

www.dhammadownload.com



ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်)။

ဒါဖြင့် မျက်လုံးနဲ့တွေ့တဲ့ မျက်လုံးနဲ့တွေ့လို့ အင်း- လှူချင်တာ ပေးချင်တာ, ကမ်းချင်တာ-ဆဲချင်တာ၊ မောင်းနိုင်မရှိဘူးလား. . (ရှိပါတယ်)။ အဲ့ဒီစေတနာတွေဟာ တွေ့လို့ဖြစ်တာ. . . (မှန်ပါ)။ မတွေ့ရင်. . . (မဖြစ်ပါဘူး)။ မနောထဲမှာတွေ့လည်း မနောထဲမှာဖြစ်တဲ့ စေတနာကြောင့် မနောကံဖဿကြောင့်ဖြစ်တဲ့ စေတနာဘဲ. . . (မှန်ပါ)။ ဆိုနိုင်ကြပြီလား. . . (ဆိုနိုင်ပါတယ်)။

ကဲ-ဒကာ-ဒကာမတို့ ကံဟူသ၍ ဘယ်သူ့ကြောင့် ဖြစ်. . . (ဖဿကြောင့် ဖြစ်ပါတယ်)။ မတွေ့တဲ့ပုဂ္ဂိုလ်ဖြစ်ကို ဖြစ်ကဲ့လား. . . (မဖြစ်ပါဘူး)။ ကောင်းပြီ ဒါဖြင့် နှစ်နံပါတ် နားလည်ပြီ. . . (မှန်ပါ)။

## ကံ၏ထူးခြားပုံသိမှု

ကံထူးပုံပြောဦး ပြောပါဦးတဲ့ဘုရားသခင် ကိုယ်တော် မြတ်ကြီးက၊ ကံဟာတော်တော်ထူးတယ်. . . (မှန်ပါ)။ ကံ၏ ကံ၏ထူးခြားပုံ မင်းတို့သိထားရဦးမယ်. . . (မှန်ပါ)။ ကံ၏ ထူးခြားပုံ သိထားတော့ ကံဟာတဲ့ ငရဲရောက်စေတတ်တဲ့ ကံလည်း ရှိတယ်လို့ မှတ်ထားရမယ် . . (မှန်ပါ)။ တိရစ္ဆာန် ရောက်စေတတ်တဲ့ကံ. . . (ရှိပါတယ်)။ ပြိတ္တာရောက်စေ

www.dhammadownload.com



တတ်တဲ့ကံ. . . (ရှိပါတယ်)။ လူ့ပြည်, နတ်ပြည် ရောက်စေတတ်တဲ့ကံ. . . (ရှိပါတယ်)။ ဗြဟ္မာပြည် ရောက်စေတတ်တဲ့ကံ . . . (ရှိပါတယ်)။

သြော်ကံဟာ ဒီလိုထူးခြားပါလားလို့ မှတ်ထားပါ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

ကံဟာ လူ့ပြည်, နတ်ပြည်အပါယ်လေးပါး အလုံးစုံရောက်စေတတ်တဲ့ ကံရယ်လို့ ကံထူးထူးခြားခြား များများစားစား မရှိဘူးလား. . . (ရှိပါတယ်)။

## ကံ၏အကျိုးပေးသိမှု

ကောင်းပြီ ဒါဖြင့်-တစ်, နှစ်, သုံး, နားမလည်သေးဘူးလား (နားလည်ပါတယ်)။ နားလည်တဲ့အခါ စတုတ္ထအချက်က ကံသည် ကံ၏အကျိုးပေးကိုသိရမယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

ကံ၏အကျိုးပေးသိရမယ်ဆိုတော့ ဒကာ-ဒကာမတို့ ဒီကံ၏ အကျိုးပေးက, ခုနစ်ရက်, ခုနစ်လ, ခုနစ်နှစ်အတွင်း အကျိုးပေးတဲ့ ဒိဋ္ဌဓမ္မကံဟာ, ဒိဋ္ဌဓမ္မအကျိုးပေးတာဟာလည်း ကံကြောင့်ဖြစ်တယ်. . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။

ဒုတိယဘဝ သေသည်၏အခြားမဲ့မှာမှ အကျိုးပေး

www.dhammadownload.com



မည့် ကံဟာလည်း မရှိပေဘူးလား . . (ရှိပါတယ်)။ ဩော်ဥပပဇ္ဇဝေဒနီယကံနော် . . . (မှန်ပါ)။ နိဗ္ဗာန်မရောက်မီ စပ်ကြား အကြောင်းအခွင့် သင့်ခဲ့သော် ဒီကံပင်ချပ်ခြား သော်လည်း အလားတူ အကျိုးပေးဖို့ရှိ၊ မရှိ . . (ရှိပါတယ်)။ အဲ့ဒါက အပရာပရိယဝေဒနီယကံဆို၊ အပရာပရိယဝေဒနီယ အကျိုးပေး . . (မှန်ပါ)။ ဆိုတော့ ကံ၏အကျိုးသည် ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်း အကျိုးပေး၊ အကျိုးပေးတစ်မျိုး . . (မှန်ပါ)။ ကံအကျိုးပေးဟာလေ . . (မှန်ပါ)။

ဒုတိယဘဝအကျိုးပေးမှာက . . (တစ်မျိုးပါ)။ နိဗ္ဗာန်မရမီ စပ်ကြားအကျိုးပေးမှာက . . (တစ်မျိုးပါ)။ အဲ့ဒီလိုကံမှာ အကျိုးပေးဘယ်နှယ့်မျိုးရှိတုံး၊ (သုံးမျိုးပါ)။ ဩော်ဒါဖြင့် မောင်နိုင်တို့ ကိုမြင့်တို့ လေးနံပါတ်ကျနအောင်မင်းတို့နားလည်ပြီ . . (မှန်ပါ)။ တစ်က ကံသုံးပါး . . (မှန်ပါ)။ နှစ်က ဖဿ (မှန်ပါ)။ သဘောကျလား . . (ကျပါတယ်)။ သုံးကသူ့အကျိုးပေးတွေ ဒီထူးခြားပုံ သိရမယ်ဆိုသောကြောင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တွေ အင်းကံအကျိုးပေးတွေကို ဒီလူ့ပြည်၊ နတ်ပြည်ဗြဟ္မာပြည်တည်းဟူသော ကံ၏ထူးခြားပုံကိုကော မသိဘူးလား (သိပါတယ်)။

အကျိုးပေးကြည့်လိုက်တော့ ခုနက ဒိဋ္ဌဓမ္မအကျိုး

www.dhammadownload.com



ပေး. . . (မှန်ပါ)။ ဒုတိယဘဝအကျိုးပေး. . . (မှန်ပါ)။ နိဗ္ဗာန်မရမီစပ်ကြားအကျိုးပေး. . . (မှန်ပါ)။ အကျိုးပေး ဘယ်နှစ်မျိုးရှိလဲ. . . (သုံးမျိုးပါ)။ ကောင်းပြီ-ဒါမှတ်ထား လိုက်ပါ။ ကဲ-ဒါဖြင့် လေးနံပါတ်ကျအောင် ဒကာ-ဒကာမ တွေ နားမလည်သေးဘူးလား. . . (နားလည်ပါတယ်)။ နိဗ္ဗာန်ကသုတ်တဲ့ ဒကာ-ဒကာမတွေ ထိုးထွင်းပြီး သိရမယ် နော်၊ (မှန်ပါ) ဒါဟာ အခုပြောတာတွေက ရှေ့ပိုင်းကရှင်းတာ လို့ မောင်နိုင်တို့မှတ်ရမယ်. . . (မှန်ပါ)။

## ကံချုပ်ရာကိုသိမှု

အင်း-ကိုင်း ငါးခုမြောက်ကျလာတော့ ဘာသိရမှာ တုံးလို့မေးဖို့မလိုဘူးလား. . . (လိုပါတယ်)။ ကံချုပ်တာကို သိရမယ်. . . (မှန်ပါ)။ ဩော်-ကံချုပ်ရာကို သိရမယ် ဆိုတော့ ကံချုပ်ရာ သိရမယ်ဆိုတော့ ကံဟာ ဒကာ-ဒကာမ တို့ နိဗ္ဗာန်ကျလို့ရှိရင်ဖြင့် ကံဟာ-နိဗ္ဗာန်, နိဗ္ဗာန်ဆိုတဲ့ နေရာဌာနဟာ ကံချုပ်တဲ့နေရာ. . . (မှန်ပါ)။

နိဗ္ဗာန်ဟာ ဘာပါလိမ့်. . . (ကံချုပ်တဲ့နေရာပါ)။

မှတ်ထား, မှတ်ထား, မှတ်ထား၊ ဒါတော်တော် အရေးကြီးလာပြီ၊ (မှန်ပါ)။ နိဗ္ဗာန်ဟာ ဘာပါလိမ့်. . . (ကံချုပ်တဲ့နေရာပါ)။ ဩော်-ဒါဖြင့် ကံချုပ်တာကိုလည်း

www.dhammadownload.com



သိရမယ်ဆိုတော့ ဩော်နိဗ္ဗာန်မှ ချုပ်တာကိုး. . . (မှန်ပါ)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ကုသလာကုသလံ ဇဟံ" ကုသလံ အကုသလံ၊ ကုသိုလ်, အကုသိုလ်ကို။ အဟံ-ငါသည်။ ဇဟံ-စွန့်လိုက်ပြီကွ ကံချုပ်ပြီ. . . (မှန်ပါ)။ ဘုရားဖြစ်တော့ ဘယ့်နှယ်နေတုန်း. . . (ကံချုပ်ပါတယ်)။ မချုပ်ဘူးလား. . . (ချုပ်ပါတယ်)။ စွန့်လိုက်ပြီကွ၊ ဟ ဘာနဲ့စွန့်လိုက်တုန်း ကိုယ်တော်ကြီးလို့ မေးတဲ့ အခါကျတော့မှ မဂ္ဂင်ပေါ်လို့ စွန့်လိုက်တာ (မှန်ပါ)။ သဘော ကျလား. . . (ကျပါတယ်)။ အင်း-ကံဟာ ဘယ်လိုကြောင့် ချုပ်ပါလိမ့်. . . (မဂ္ဂင်ပေါ်လို့ချုပ်တာပါ)။

မဂ္ဂင်ပေါ်လို့ချုပ်တယ်၊ မဂ်မရသေး ဒီကံဟာ ဒကာ-ဒကာမတို့ ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်း အကျိုးပေးမယ်. . . (မှန်ပါ)။ ဒုတိယဘဝကော၊ (အကျိုးပေးပါမယ်)။

ကဲ-ဒါဖြင့် ခုနစ်ရက်, ခုနစ်လ, ခုနစ်နှစ်အတွင်း အကျိုးပေးခဲ့သော် ကာကဝလ္လိယတို့လို ဟုတ်လား. . . (မှန်ပါ)။ ပုဏ္ဏတို့လို အကျိုးပေးနေမယ်ဆိုလို့ရှိရင်လည်းတဲ့, ရွှေတုံးတွေ အကျိုးပေးလို့ ရွှေတုံးဘာသစ္စာဖွဲ့မလဲ. . . (ဒုက္ခသစ္စာပါ)။ နောက်ဘဝအကျိုးပေးတော့ ရုပ်နာမ် မလာဘူးလား. . . (လာပါတယ်)။ ဘာသစ္စာလာမယ်. . . (ဒုက္ခသစ္စာ လာပါမယ်)။

www.dhammadownload.com



## ကံချုပ်မှ ဒုက္ခချုပ်မယ်

နိဗ္ဗာန်မရမီစပ်ကြား အကျိုးပေးရင်လဲ ရုပ်နာမ်ပေါ်၊ မပေါ်,. . . (ပေါ်ပါတယ်)။ ပေါ်ခဲ့သော် ဘာသစ္စာ .. (ဒုက္ခသစ္စာပါ)။

သြော် ဒါဖြင့် ကံ၏ အကျိုးပေးတွေကို၊ ကံမချုပ်လို့ ရှိရင် ဒကာ-ဒကာမတို့ အကျိုးပေးချုပ်ပါ့မလား. . . (မချုပ်ပါဘူး)။ ဒါဖြင့် ကံချုပ်မှ ဘာချုပ်မလဲ. . . (အကျိုးပေးချုပ်မှာပါ)။ တိုတိုပြောကြစို့, ကံချုပ်မှ ဒုက္ခသစ္စာချုပ်မယ်. . . (မှန်ပါ)။ ကံမချုပ်ရင်. . . (ဒုက္ခသစ္စာမချုပ်ပါဘူး)

ငသေသေချာချာ နားကြီးကြီးနဲ့ထောင်ပါဆိုတာကို လည်း အစောကြီးကလည်း သတိပေးခဲ့တယ်နော်. . . (မှန်ပါ)။ ခင်ဗျားတို့ အားကိုးနေတဲ့ ကံမချုပ်သ၍ ကာလပတ်လုံး ဒုက္ခမချုပ်ဘူး. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ခင်ဗျားတို့ အားကိုးနေတဲ့ကံဟာ မချုပ်သ၍ ကာလပတ်လုံး (ဒုက္ခမချုပ်ပါဘူး)။ ကြည့်လေ သူက .. ခုနစ်ရက် အကျိုးပေးတဲ့အကျိုးပေးတစ်မျိုး. . . (မှန်ပါ)။ ဒုတိယ ဘဝအကျိုးပေးတဲ့. . . (တစ်မျိုးပါ)။ ရုပ်နာမ်တွေ ချည်းဘဲ မလာပေဘူးလား. . . (လာပါတယ်)။ အင်း, နိဗ္ဗာန်မရမီစပ်ကြား အကျိုးပေးတွေကကော၊ (နောက်တစ်မျိုးပါ)။ ဘာတွေတုံး အဲ့ဒါ (ကံတွေပါ)။ အင်း ဒီလိုရမ်းပြောလို့

www.dhammadownload.com



မရဘူး၊ ဒုက္ခသစ္စာဘဲ. . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။ ဒုက္ခသစ္စာဘဲဆိုတာ ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်)။ ဒါဖြင့် ကံမချုပ်ခဲ့သော် ဒုက္ခသစ္စာ မချုပ်ဘူး. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ကံ မချုပ်ခဲ့သော်. . . (ဒုက္ခသစ္စာ မချုပ်ပါဘူး)။ ဒါဖြင့် ကံချုပ်ရာဌာနဟာ ဘာလဲ. . . (နိဗ္ဗာန်ပါ)။

## ကံချုပ်ရာအကျင့်သိမှု

ဒါဖြင့် ဒကာ-ဒကာမတို့ ချုပ်ရာချုပ်ကြောင်း အကျင့် မကျင့်ဘဲနဲ့ ဒီကံမချုပ်ဘူးနော်. . . (မှန်ပါ)။ ရှင်းပြီလား. . (ရှင်းပါတယ်)။ ချုပ်ရာချုပ်ကြောင်း အကျင့်ကို မကျင့်ခဲ့သော် (ကံမချုပ်ပါဘူး)။

အဲ-ဒါဖြင့် မဂ္ဂင်ရှစ်ပါး အလုပ်ကိုလုပ်မှ ဒီကံချုပ်မယ် (မှန်ပါ)။ ဒီကံချုပ်မှ ဒုက္ခသစ္စာဘာတုံး. . . (ချုပ်မှာပါ)။ သဘောပါလား. . . (ပါပါတယ်)။ ဒါဖြင့် နောက်ဆုံးပိတ် အလုပ်မလုပ်ရပေဘူးလား. . . (လုပ်ရမှာပါ)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက, "ရူပ သဉ္စေတနာ လောကေ သဒ္ဒသဉ္စေတနာ လောကေ ဓမ္မသော တဏှာ"ကွ သူမချုပ်လို့ရှိရင် နောက်ကတဏှာလိုက်တယ် . . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။

www.dhammadownload.com



"ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ နိဝိသမာနာ နိဝိသတိ ရူပသဉ္စေတနာ လောကေ သဒ္ဒသဉ္စေတနာ၊ လောကေ ဂန္ဓသဉ္စေတနာ လောကေ ပဟီယမာနာ ပဟီယတိ ဆိုတဲ့ဥစ္စာ ဒီစေတနာချုပ်အောင်လုပ်ရမှာ. . .(မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ သံသရာထဲမှာဖြင့် အကျိုးပေးပြီးသကာလ သူကနေ အလားတူပေါ်အောင် လုပ်နေတာဖြင့် အခုနာမ်ရုပ်မျိုး နောက်နာမ်ရုပ်ပေါ်အောင် လုပ်နေတာ ဘယ်သူပါလိမ့်မတုံးဆိုတာ လက်သည်ရှာစမ်း. . . (ဖဿပါ)။ စေတနာ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

အခုနာမ်ရုပ်အလားတူ နောက်နာမ်ရုပ်ပေါ်အောင် လုပ်နေတာ. . . (စေတနာပါ)။ ဒါဖြင့် နောက်ပေါ်တဲ့ နာမ်ရုပ် ဘာသစ္စာဖွဲ့ကြမယ်. . . (ဒုက္ခသစ္စာပါ)။ အဲ့ဒီနာမ်ရုပ်မပေါ်ချင်လို့ရှိရင် ဒီစေတနာဆုံးအောင် လိုက်ရမယ် . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်)။ ဒီစေတနာချုပ်အောင် လုပ်ရမယ် . . . (မှန်ပါ)။ မလုပ်ရပေဘူးလား. . (လုပ်ရမှာပါ)။

ဒီစေတနာမချုပ်ရင် သူနဲ့ပတ်သက်တဲ့ ဒုက္ခသစ္စာက . . . (မချုပ်ပါဘူး)။ ချုပ်နိုင်ပါ့မလား. . . (မချုပ်နိုင်ပါဘူး)

www.dhammadownload.com



သဘောပါပြီလား. . . (ပါပါတယ်)။ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း, ဒီစေတနာကိုဘဲတဲ့ "ဓေတ္တ သာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ကွာတဲ့ ဒီစေတနာကြောင့် ဖြစ်မည့်တဏှာတွေကလည်း အမျိုးမျိုး အဖုံဖုံ ရှိနေတော့ ဒီတဏှာ ချုပ်ချင်လို့ရှိရင် ဒီစေတနာချုပ်အောင် လုပ်ရလိမ့် မယ်. . . (မှန်ပါ)။

အင်္ဂုတ္တိုရ်ကျတော့ ဒီစေတနာဆုံးအောင် လုပ်ရမယ် တဲ့. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဒါဖြင့် ခင်ဗျားတို့ သန္တာန်သွားချင်တဲ့ စေတနာလေးပေါ်လာ, စေတနာဖြစ်ပျက်ရှု. . . (မှန်ပါ)။ ပြောချင်တဲ့စေတနာပေါ် လာ. . . (ပြောချင်တဲ့စေတနာဖြစ်ပျက်ရှုရမှာပါ)။ ပြောချင် တဲ့စေတနာဖြစ်ပျက်ရှုနော်. . . (မှန်ပါ)။ အင်း စားချင်တဲ့ စေတနာလေးပေါ်လာ. . . (စားချင်တဲ့စေတနာဖြစ်ပျက် ရှုရမှာပါ)။ အိပ်ချင်တဲ့စေတနာလေးပေါ်လာ. . . (အိပ်ချင် တဲ့စေတနာဖြစ်ပျက်ရှုရမှာပါ)။

အကုန်ရှု, အကုန်ရှု, အကုန်ရှု. . . (မှန်ပါ)။ သဘောပါကြလား. . .(ပါပါတယ်)။ မရှုရင် တော်ပါ့မလား (မတော်ပါဘူး)။ မရှုလို့ရှိရင် သူက ဒိဋ္ဌဓမ္မသော်လည်းကောင်း လာလိမ့်ဦးမယ်. . . (မှန်ပါ)။

ဥပပဇ္ဇသော်လည်းကောင်း. . . (လာမှာပါ)။

www.dhammadownload.com



အပရာပရိယသော်လည်းကောင်း၊ (လာမှာပါ)။ ဒါဖြင့် စေတနာချုပ်အောင် စေတနာ, စေတနာကို ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း, ဓမ္မာနုပဿနာသတိပဋ္ဌာန် ရူပသဉ္စေတနာ လောကေ၊ သဒ္ဒသဉ္စေတနာ လောကေနဲ့ လာလိုက်တာ၊ ဓမ္မသာတဏှာ ပဟီယမာနာ ပဟီယတိဆိုတော့ တဏှာပယ်ရမှာ မဟုတ်ဘူး, ဒီစေတနာ ဖြစ်ပျက်ရှုရမှာ. . . (မှန်ပါ)။

ဒီစေတနာ ဖြစ်ပျက်ရှုလိုက်လို့ရှိရင်, စေတနာ့နောက်က တဏှာလာသေးရဲ့လား. . . (မလာပါဘူး)။ စေတနာ၏ အကျိုးပေးတွေကော. . . (မလာပါဘူး)။ မလာတော့ ဒီစေတနာသည် ဒကာ-ဒကာမတို့ ကျုပ်တို့ဘာလုပ်ရမှာတုံးလို့မေးဖို့ မလိုဘူးလား. . . (လိုပါတယ်)။

အင်း-ကျုပ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တရှုရလိမ့်မယ် . . . (မှန်ပါ)။ ဘာလုပ်ကြရမယ်. . . (အနိစ္စ, ဒုက္ခ အနတ္တရှုရပါမယ်)။ အနိစ္စ-ဒုက္ခ-အနတ္တနဲ့ရှုလို့ရှိရင် ဒီစေတနာကို စေတနာဖြစ်ပျက်မြင်အောင် လုပ်ရလိမ့်မယ်. . . (မှန်ပါ)။ စေတနာဖြစ်ပျက်မုန်းအောင် (လုပ်ရပါမယ်)။ အင်း-စေတနာ ဖြစ်ပျက်ဆုံးအောင် (လုပ်ရမှာပါ)။

လုပ်မှသာလျှင် ဘာပေါ်မယ်ထင်တုံး. . . (နိဗ္ဗာန်ပေါ်မှာပါ)။ နိဗ္ဗာန်ပေါ်မယ်, စေတနာချုပ်မယ်၊ စေတနာချုပ်

www.dhammadownload.com



ရင် ဘာပေါ်မယ်ထင်တုံး. . . (နိဗ္ဗာန်ပေါ်မှာပါ)။ နိဗ္ဗာန်ပေါ်မယ်ဆိုတာကော သဘောကျလား. . . (ကျပါတယ်)။

ကောင်းပြီဒါဖြင့် ဒကာ-ဒကာမတို့ သံသရာခရီးထဲမှာဖြင့် သံသရာလမ်းဆုံးကို ပြောကြပါစို့ဆိုတော့ စေတနာချုပ်မှ ဒုက္ခသစ္စာချုပ်မယ်. . . (မှန်ပါ)။ စေတနာမချုပ်ရင် (ဒုက္ခသစ္စာမချုပ်ပါဘူး)။ အင်း-ဒါ နားကြီးကြီးနဲ့ ထောင်မှနော်. . . (မှန်ပါ)။ ဦးခန့်တို့ ဦးပါလေးတို့ သေသေချာချာ နားကြီးကြီးနဲ့ထောင်ပါ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

## ရုပ်နာမ်ရှိနေရင်စေတနာကရှိနေမှာပဲ

ကိုင်း-ဒါတပည့်တော်တို့ ကိုယ်ပိုင်လုပ်ဖို့ မလိုတော့ဘူး ဒီလိုလည်း မယူလိုက်နဲ့. . . (မှန်ပါ)။ ဒီလိုလည်း မယူနဲ့တဲ့ စေတနာ ဒီခင်ဗျားတို့ ရုပ်နာမ်ရှိနေရင် စေတနာက ရှိနေမှာဘဲ. . . (မှန်ပါ)။ မရှိပေဘူးလား. . . (ရှိပါတယ်)။ ရှိနေလို့ ရှိရင် ဒီစေတနာသည်ကားဆိုလို့ရှိရင် ကျုပ်တို့သည် မချုပ်လို့ရှိရင်လည်း စေတနာလမ်းဆုံးမလိုက်နိုင်လို့ရှိရင်လည်း သူ့အကျိုး ပေးတွေက ကျုပ်တို့ဒုက္ခသစ္စာတွေ လာနေဦးမှာဘဲ. . . (မှန်ပါ)။ မလာပေဘူးလား. . . (လာပါတယ်)။ လာတော့ ဒီစေတနာ ဘာလုပ်ရမှာလဲ. . . (ဖြစ်ပျက်ရှုရ

www.dhammadownload.com



မှာပါ)။ ဖြစ်ပျက် ရှုရမယ်, သူ့ကိုချုပ်ဆုံးအောင် လိုက်ရမယ် . . . (မှန်ပါ)။ မလိုက်ရလား. . . (လိုက်ရပါမယ်)။

အဲ့ဒီတော့ သဟဇာတမှာတဲ့ စေတနာပါတယ်ဆိုလို့ ရှိရင်လည်း စေတနာသည် ရုပ်ကိုဖြစ်စေတဲ့ စေတနာဖြင့် ရုပ်ပါလာမယ်. . . (မှန်ပါ)။ ဒါဖြင့် စေတနာရှုလို့ရှိရင် စေတနာ ကနာမ်. . . (မှန်ပါ)။ သူကဖြစ်စေတာက ရုပ် . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ စေတနာ ရှုလိုက်လို့၊ စေတနာရှုလိုက်လို့ စေတနာမုန်းလို့ရှိရင် ဒီရုပ် မုန်းပြီးသားကျတယ်. . . (မှန်ပါ)။ စေတနာကို ဖြစ်ပျက်မြင် လို့ရှိရင် ရုပ်ဟာလည်း တွဲဖက် တွဲဖက်မှာဖြစ်ပျက်ပဲ. . . (မှန်ပါ)။

စေတနာဆုံးသွားတဲ့အခါကျတော့ ရုပ်နာမ်ကော. . (ဆုံးသွားပါတယ်)။ အင်း-ရုပ်နာမ်ဆုံးရင်တော့ ဘာခေါ် ကြ. . (နိဗ္ဗာန်ပါ)။

အဲ့ဒါကြောင့် ဒကာ-ဒကာမတို့ ရုပ်နာမ်ဆုံးမှ နိဗ္ဗာန် ဆိုတာ၊ စေတနာဟာ စေတနာနှင့်တကွ သဟဇာတဖြစ်တဲ့ ရုပ်ကလည်း ရှိသေးတယ်. . . (မှန်ပါ)။ မရှိဘူးလား. . . (ရှိပါတယ်)။

ဒါကြောင့် ခင်ဗျားတို့ ကာယကံစေတနာဆိုတော့ စေတနာရယ်, ဒီက ကာယရယ် တွဲလာနေတယ်. . . (မှန်ပါ)

www.dhammadownload.com



ကာယဆိုတဲ့ရုပ်နဲ့မတွဲဘူးလား၊ (တွဲပါတယ်)။ စေတနာနဲ့၊ ကာယနဲ့မတွဲဘူးလား. . . (တွဲပါတယ်)။ ဝစီကံဆိုတော့ ဝစီသဒ္ဒရုပ်နဲ့ ဒီကစေတနာနဲ့ မတွဲဘူးလား. . . (တွဲပါတယ်)။ မနောကံဆိုတော့ မနောကံနဲ့ မနောထဲမှာဖြစ်တဲ့ မနောရုပ်တွေနဲ့ မတွဲဘူးလား. . . (တွဲပါတယ်)။

အဲ့ဒါ့ကြောင့် ဒကာဒကာမတို့ ရုပ်နာမ်ချုပ်တာဘဲလို့ မှတ်ရလိမ့်မယ်၊ (မှန်ပါ)။ စေတနာချုပ်ရင်. . . (နာမ်ရုပ်ချုပ်မှာပါ)။ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်)။

## စေတနာချုပ်ကြောင်းအကျင့်က မဂ္ဂင်

ဒါဖြင့် စေတနာအကုန်လိုက်ရှုလို့ နိဗ္ဗာန်ရောက်ပါ့မလားလို့ မမေးနဲ့တော့၊ ဒကာ-ဒကာမတို့ သူနဲ့တွဲလျက်ဘဲချုပ်တယ်လို့ မှတ်လိုက်ပါ. . . (မှန်ပါ)။ ကောင်းကောင်းသဘောပါပြီလား. . . (ပါ,ပါတယ်)။

ဤကဲ့သို့ သဘောပါတော့မှ ဒကာ-ဒကာမတို့ စေတနာလေး၏ ချုပ်ရာချုပ်ကြောင်း အကျင့်ဆိုတာ ဘာပါလိမ့်မတုံး. . . (မဂ္ဂင်ပါ)။ မဂ္ဂင်. . . (မှန်ပါ)။ စေတနာလေး၏ ချုပ်ရာချုပ်ကြောင်း အကျင့်က. . . (မဂ္ဂင်ပါ)။ မဂ္ဂင်သဘောကျလား. . . (ကျပါတယ်)။

အဲ့ဒီတော့ ခင်ဗျားတို့ လောကီဘုံသားတွေဖြစ်ပြီး

www.dhammadownload.com



သကာလ နေတော့ ဩော် ဒီစေတနာဘဲ အားကိုးလိုက်မှာလည်း အင်မတန်မှ စိုးရိမ်တယ်. . . (မှန်ပါ)။ နို့ -သံသရာခရီးသည်တွေမှာလည်း စေတနာဟာ သူ့နေရာနဲ့သူ သူ့တာဝန်နည်းမှာ ခရီးသည် နေရာမှာတော့ ကောင်းတဲ့စေတနာဟာ တော်တော် အကူအညီပေးတယ်ဆိုတာလည်း မောင်နိုင်တို့ကိုမြင့်တို့ ငြင်းဖို့မလိုပါဘူး. . . (မလိုပါဘူး)။ သို့သော်သူ့အကျိုးပေးကို ကျုပ်တို့က ခံစားနေမယ်ဆိုလို့ရှိရင်လည်း ဒုက္ခသစ္စာဘဲရမယ် (မှန်ပါ)။ ရုပ်နာမ်ပြန်ပေါ်မယ်. . . (မှန်ပါ)။ မပေါ်ပေဘူးလား. . (ပေါ်ပါတယ်)။ ပေါ်ခဲ့သော်လည်း ကျုပ်တို့ရုပ်နာမ်ပေါ်ပြန်လို့ရှိရင်လည်း အိုဘေး, နာဘေး၊ သေဘေးဆိုတဲ့ ဇရာပိ ဒုက္ခ၊ ဒုက္ခသစ္စ၊ ဗျာဓိပိ ဒုက္ခသစ္စ, မရဏမ္ပိ ဒုက္ခသစ္စဟာလည်း အဆက်ပြတ်တော့မယ် မဟုတ်ဘူး. . . (မပြတ်ပါဘူး)။

ဒါဖြင့် စေတနာအဆုံးမှာ ဇာတိ, ဇရာ, ဗျာဓိ-မရဏကော၊ (ဆုံးပါတယ်)။ စေတနာမချုပ်. . . (ဇာတိ, ဇရာ, ဗျာဓိ, မရဏမချုပ်ပါဘူး)။ ဇာတိ, ဇရာ, ဗျာဓိ မရဏ ချုပ်နိုင်ပါ့မလား. . . (မချုပ်နိုင်ပါဘူး)။

အဲ့ဒါကြောင့် ခင်ဗျားတို့ ဇာတ်သိမ်းတရားကျတော့ သူ့ကိုဖြစ်ပျက်ပဲရှုရမယ်. . (မှန်ပါ)။ ကျေနပ်ပါပြီလား. . (ကျေနပ်ပါတယ်)။ ဘာလုပ်ကြရမယ်. . . (ဖြစ်ပျက်ရှုရမှာ

www.dhammadownload.com



ပါ)။ ဘာယ်စေတနာလာလာ ဘာလုပ်ရမယ်၊ (ဖြစ်ပျက်ရှုရမှာပါ)။ အင်း-ကာယကံ စေတနာလာလည်း. . . (ဖြစ်ပျက်ရှုရပါမယ်)။ ဝစီကံ စေတနာလာလည်း. . (ဖြစ်ပျက်ရှုရပါမယ်)။

မနောကံ စေတနာလည်း. . . (ဖြစ်ပျက်ရှုရမှာပါ)။

အကယ်၍ မရှုတော့ပါဘူးဆိုရင်, ကမ္မဝိပါကဿ ဆိုတော့ သူ့အကျိုးပေးက လာတော့မယ်. . . (မှန်ပါ)။ လာရင် နာမ်ရုပ်ပေါ်လိမ့်မယ်. , (မှန်ပါ)။ နာမ်ရုပ်ပေါ်လို့ ရှိရင် အို,နာ,သေ ပါလာတော့မယ်. . . (မှန်ပါ)။ ပါခဲ့သော် ဘာသစ္စာထင် (ဒုက္ခသစ္စာပါ)။

အဲ့ဒါကြောင့် နိဂုံးချုပ် ဘုရားသခင်ကိုယ်တော်မြတ်ကြီး၊ ကံကိုချုပ်အောင် ကျင့်ရမယ်၊ ကံ-ကံတို့၏ချုပ်ရာမင်းတို့ရောက်အောင် သွားရမယ်ဆိုတော့ အို ဒီတိုင်းသွားလို့ မရဘူး၊ ချုပ်ရာချုပ်ကြောင်းအကျင့်ကို ကျင့်မှဘဲဆိုတော့ မဂ္ဂင်နဲ့ စေတနာကိုရှုရမယ်. . . (မှန်ပါ)။ သဘောပါကျလား. . . (ပါပါတယ်)။ ဘာနဲ့ဘာရှုရမလဲ၊ (မဂ္ဂင်နဲ့ စေတနာကိုရှုရမှာပါ)။

မဂ္ဂင်နဲ့စေတနာတွေကို ဒကာ-ဒကာမတွေ ဇာပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်ရှုပြီးသကာလနေတော့မှ, ဩော် သူသည်ကား စေတနာဟာ ဘာသစ္စာဖွဲ့ကြမယ်. . . (ဒုက္ခသစ္စာပါ)။ အဲဒါဖြင့် ဒုက္ခသစ္စာမြင်မှာပေါ့နော်. . . (မှန်ပါ)။

www.dhammadownload.com



သူကဖြစ်ပျက်ပဲ မဟုတ်လား . . . (မှန်ပါ)။

အဲ့ဒီထဲက ခင်ဗျားတို့ မလိုက်တော့ဘူးဆိုတာလည်း ပါသွားပြီ. . . (မှန်ပါ)။ လိုက်သေးရဲ့လား. . . (မလိုက်ပါဘူး)။ ဖြစ်ပျက်မြင်တော့ လိုက်သေးရဲ့လား. . . (မလိုက်ပါဘူး)။ ဟော-ဒီနေရာတွင်ဖြစ်ပြီး, ဒီနေရာတွင်ပျက်ပါလား . . . (မှန်ပါ)။ ဟိုဘက်လိုက်သေးရဲ့လား. . . (မလိုက်ပါဘူး)။

အဲ့ဒီတော့ ဒီလိုဖြစ်ပျက်ရှုလိုက်တော့မှ, ခုနက ဆာယာဝ အနုပါယိနီဆို၊ လူသွားရာ အရိပ်သဖွယ် ကံလိုက်နေတယ်ဆိုတာတွေ ဒီသဃာတဒိဋ္ဌိတွေက ဒီဖြစ်ပျက် မဂ်နဲ့တွေ့တဲ့ဖြစ်ပျက်နဲ့ကြုံမှသာလျှင် ဒကာ-ဒကာမတို့ ခုနက အယူမှန်ရောက်ပေတော့တယ်. . . (မှန်ပါ)။

နို့မို့ရင် အယူမှန်ရောက်ပါ့မလား. . . (မရောက်ပါဘူး)။ ကျုပ်တို့အိပ်နေရင် ကျုပ်တို့ကံက ကျုပ်တို့စောင့်နေတာ၊ ခင်ဗျားတို့က ဒီလိုယူပစ်လိုက်တယ်. . . (မှန်ပါ)။ မယူဘူးလား. . . (ယူပါတယ်)။ အိပ်နေကွ - ကံကစောင့်နေတာ ဟုတ်လား. . . (မှန်ပါ)။ ကံကစောင့်တာပေါ့ကွ, ငါရထားတဲ့ပစ္စည်း ဘယ်သူယူတုန်းဆို၊ အောင်မာ ကံဒရဝမ်လုပ်ထားတယ်ခင်ဗျားတို့. . . (မှန်ပါ)။ ဟုတ်ဘူးလား. . . (ဟုတ်ပါတယ်)။ ကံကိုဒရဝမ်လို့မထင်ကြဘူးလား. . . (ထင်ပါတယ်)။

www.dhammadownload.com



အင်း-ကျုပ်အိမ်ပစ်ထားတာဘဲဗျ၊ ကျုပ်ကံနဲ့ကျုပ်ပဲ၊ ဘယ်လိုမီးလောင်မှာတုန်းဗျ. . . (မှန်ပါ)။ ဟော ဘယ်သူလာရှိလို့၊ ဘယ်သူလာခိုးတုန်း စဉ်းစားကြ၊ ကျုပ်ကံက အမြဲစောင့်ရှောက်နေတာ. . . (မှန်ပါ)။ ဒီလိုသုံးတာ. . . (မှန်ပါ)။ သုံးတဲ့အတိုင်းလည်း ထင်တာယ် . . .(မှန်ပါ)။ မထင်ဘူးလား၊ ထင်လား. . . (ထင်ပါတယ်)။

ဒါဖြင့် သူသည် ကံဟာ တခြားအပေါ်၌သူ၊ အတ္တလည်းရှိတယ်၊ ဒိဋ္ဌိလည်းရှိတယ်၊ (မှန်ပါ)။ မရှိဘူးလား. . . (ရှိပါ တယ်)။ အဲ့ဒီလို ယူလိုက်တဲ့အခါကျတော့ ဘုရားက အဲ့ဒါတွေ စိုးရိမ်တဲ့အတွက် ကံကိုချုပ်အောင် ကျင့်ရမယ်ကွ. . . (မှန်ပါ)။ ဆိုတော့ ဒိဋ္ဌိကိုဖြုတ်ချလိုက်တယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ကံကိုဘာလုပ်ရမလဲ. . (ဖြစ်ပျက်ရှုရမှာပါ)။

## ဖြစ်ပျက်ရှုမှကံချုပ်မယ်

ဖြစ်ပျက်ရှုမှသာလျှင် ကံချုပ်မယ်မဟုတ်လား. . . (မှန်ပါ)။ ချုပ်ရာချုပ်ကြောင်း အကျင့်မကျင့်ဘဲနဲ့ဖြင့် ဒီကံမချုပ်ဘဲနဲ့ နေခဲ့သော် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေမှာ ခုနက အကျိုးပေးဆုံးနိုင်ပါ့မလား. . . (မဆုံးနိုင်ပါဘူး)။ မဆုံးနိုင်လို့ရှိရင်ဖြင့် အကျိုးပေးဆိုတာ ဘာတုန်းဆိုတော့

www.dhammadownload.com



သံသရာလှည့်တာ. . . (မှန်ပါ)။ အကျိုးပေးဆိုတာဘာ တုန်း. . . (သံသရာလှည့်တာပါ)။ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်)။

အဲ့ဒီလို သံသရာလှည့်တဲ့ဇာတ်ဟာ ဘယ်သူ့ခင်း သတုံး မေးတဲ့အခါကျလို့ရှိရင်, အကျိုးပေးက ကံက အကြောင်း၊ အကျိုးပေးက အကျိုး . . . (မှန်ပါ)။ အကြောင်းနဲ့ အကျိုးဆိုတော့ ဟောဒီကကံကကမ္မဝဋ်, အကျိုးပေးက ဝိပါကဝဋ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်) ကံက. . . (ကမ္မဝဋ်ပါ)။ အကျိုးပေးက. . (ဝိပါကဝဋ်ပါ)။

ကိုင်း. . ဝဋ်ထွက်လာပါပြီ. . . (မှန်ပါ)။ မထွက် သေးဘူးလား. . . (ထွက်ပါတယ်)။ ကံက. . . (ကမ္မဝဋ်ပါ)။ အင်း-သူ့သာခင်များတို့ချုပ်အောင်, ဇာတ်သိမ်းအောင် မကျင့် နိုင်လို့ရှိရင် ဘာဝဋ်ထွက်လာမယ်ထင်. . . (ဝိပါကဝဋ်ထွက် လာမှာပါ)။ အင်း-ဝိပါကဝဋ်ထွက်လာလို့ရှိရင် ဝိပါကဝဋ် ထဲက ကိလေသဝဋ်အရင်တုန်းကလှည့်သလို ပေါက်ပွားလိမ့် ဦးမယ်ဆိုတာ အဝိဇ္ဇာနဲ့တဏှာ ဝိပါကဝဋ်ထဲ လာ,မလာ. . . (လာပါတယ်)။ လာခဲ့သော် ဝဋ်သုံးပါးလည်, မလည်. . . (လည်ပါတယ်)။ သဘောပါကြလား. . . (ပါပါတယ်)။

www.dhammadownload.com



## အထက်တန်းကျမှ ဒီတရားနာနိုင်မယ်

အောင်မယ်လေး ဒါဖြင့် ဒကာ-ဒကာမတို့ ဒီတရား ခင်ဗျားတို့နာနိုင်လို့ရှိရင်ဖြင့် တော်တော့်ကို အထက်တန်း ကျမှ နာနိုင်မယ်. , . (မှန်ပါ)။ အထက်တန်းမကျရင်. . . (မနာနိုင်ပါဘူး)။ သဘောပါကြလား. . . (ပါ,ပါတယ်)။ အထက်တန်းမှ မကျလို့ရှိရင် ဒီဥစ္စာ တစ်ခါတည်း ခုနက ရဟန်းဖြစ်တော့မှာဘဲ. . (မှန်ပါ)။ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်)။

မောင်နိုင် ခုနကရဟန်းက ဘာမှအားကိုးစရာမရှိ တော့ဘူးကွာ, အကုန်အနတ္တချည်းဘဲ, ကံဘဲငါ့ဟာလုပ်နေဖို့ ရှိတော့တယ်လို့ ဒီလိုယူမပစ်လိုက်ဘူးလား. . . (ယူပစ်လိုက် ပါတယ်)။

ဒီမှာလည်း ဒကာ-ဒကာမတွေ သစ္စာနားလည်ထား လို့, ဝင်္ကသုံးပါးတွေ နားလည်ထားလို့, ဒီတရားကို ခင်ဗျားတို့ နိဗ္ဗာန်ဓိကသုတ်ကို နာနိုင်ကြတာ. . . (မှန်ပါ)။ နို့မို့ရင် နာနိုင် ကြပါ့မလား. . . (မနာနိုင်ပါဘူး)။

ကိုင်း-ခုတော့ဖြင့် ကံရှိရင် ကံနောက်က ဘာဝဋ်လိုက် မယ်. . . (ဝိပါကဝဋ်လိုက်မှာပါ)။ ဝိပါကဝဋ်ပေါ်လာရင် ဝိပါကဝဋ်ထဲက ဘာပေါက်ပွားမယ်ထင်လဲ. . . (ကိလေသ ဝဋ်ပေါက်ပွားမှာပါ)။ ကိလေသဝဋ်ပေါက်ပွားရင် ကံတစ်ခါ

www.dhammadownload.com



ထပ်လုပ်မယ်. . . (မှန်ပါ)။ ဒါဖြင့် ဝဋ်သုံးပါးလည်, မလည် . . . (လည်ပါတယ်)။ ကောင်းကောင်း သဘောပါလား . . . (ပါပါတယ်)။

ဒါဖြင့် ဘုရားက ကံချုပ်ဖို့ ကံချုပ်ရာဌာနလုပ်ရမယ် ဆိုတဲ့ ဥစ္စာကော ကျေနပ်ပလား. . . (ကျေနပ်ပါတယ်)။ ဘာကြောက်ရှာပါလိမ့်မတုန်းလို့ မေးတော့မှ ဩဘိနိဗ္ဗိကသုတ်ကို ကံကိုခြောက်မျိုးထားပြီးသကာလ ကံကိုသိမှု၊ ကံဖြစ်ကြောင်းသိမှု၊ ဟုတ်လား. . . (မှန်ပါ)။

ကံတို့၏ ထူးခြားပုံသိမှု. . . (မှန်ပါ)။ ကံတို့၏ အကျိုးပေးကို (သိမှုပါ)။ ကံချုပ်ရာသိမှု. . . (သိမှုပါ)။ ကံချုပ်ရာချုပ်ကြောင်း အကျင့်ကို (သိမှုပါ)။

ဒါ မဟောသင့်ဘူးလား, ဟောသင့်လား. . . (ဟောသင့်ပါတယ်)။ ဟောသင့်တော့ ဒကာ-ဒကာမတွေ ခင်ဗျားတို့ ရှုပါလို့ဘုန်းကြီးက သတိပေးလိုက်တယ်. . . (မှန်ပါ)။

အကယ်၍ စဉ်းစားကြည့်စမ်းပါလား, ဒိဋ္ဌိနဲ့တွဲနေတဲ့ကံ၊ ဝိစိကိစ္ဆာနဲ့ တွဲနေတာကံ စေတနာ စိတ်တစ်ခုယုတ် ကိုးဆယ်မှာ အကုန်ယှဉ်တာဘဲ. . . (မှန်ပါ)။ ဒိဋ္ဌိတွဲနေတဲ့ကံ မချုပ်ခဲ့သော်, ဝိစိကိစ္ဆာနဲ့တွဲနေတဲ့ စေတနာ မချုပ်ခဲ့သော် ဒကာဒကာမတို့ သောတာပန်ကို မတည်ဘူး၊. . . (မှန်ပါ)။ တည်နိုင်ပ့ါမလား. . . (မတည်နိုင်ပါဘူး)။

www.dhammadownload.com



ဘာဖြစ်လို့တုံးဆိုတော့ ဒိဋ္ဌိနဲ့တွဲနေတဲ့စေတနာ၊ ဝိစိကိစ္ဆာနဲ့ တွဲနေတဲ့စေတနာ မချုပ်ခဲ့သည်ရှိသော် သောတာပန် အပါယ်သွားရမယ်. . (မှန်ပါ)။ ကံကခုနက အပါယ်လေးပါးသွားတဲ့ ကံလည်း ရှိသေးတယ်လို့ ခုနက မပြောခဲ့ဘူးလား. . . (ပြောခဲ့ပါတယ်)။ ငရဲပြိတ္တာသွားတဲ့ကံ, လူပြည်သွားတဲ့ကံ, ဗြဟ္မာ့ပြည်သွားတဲ့ကံလို့, ခုနက ကံတို့၏ ထူးခြားပုံတုန်းက, မောင်နိုင်တို့ ကိုမြင့်တို့ ရှင်းပေးခဲ့ပါပြီ. . . (မှန်ပါ)

## သောတာပန်မှာ ဘယ်ကံချုပ်သတုံး

အဲ့ဒီတော့ သောတာပန်မှာ ဘယ်ကံချုပ်သတုံးလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်)။ အပါယ်သွားစေတတ်တဲ့ကံ ချုပ်တယ်. . .(မှန်ပါ)။ အဆွံ့၊ အအ၊ အနူအရွဲ ဖြစ်မည့်ကံတွေ. . . (ချုပ်ပါတယ်)။ ကံကုန်မချုပ်သေးဘူး (မှန်ပါ)။ ကံကုန်မချုပ်သေးလို့ သူ့မှာ ဒကာဒကာမတို့ ကိလေသဝဋ်ကျန်လို့ ခုနစ်ဘဝလှည့်နေတယ်. . . (မှန်ပါ) သဘောကျလား. . . (ကျပါတယ်)။

ကံ သတ္တိ ဘယ် လောက် များ ဒကာ ဒကာ မတို့ ရက်စက်တယ်ဆိုတာ လှည့်ပေးပုံ မပေါ်သေးဘူးလား. . . (ပေါ်ပါတယ်)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ဒါဖြင့်

www.dhammadownload.com



ရဟန္တာဖြစ်တော့ ကံက ကုန်မသွားဘူးလား . . .(ကုန်သွားပါတယ်)။ တန်တော့ ရဟန္တာဖြစ်ပြီးတဲ့ နောက် ဘယ်ဘဝဆိုတာ လာသေးရဲ့လား . . (မလာပါဘူး)။ အဲ့ဒါ ကံကုန်သွားပြီ . . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။

ဒါဖြင့် ဒကာဒကာမတို့ ဒီကံသည် ဘယ်အခါရှုရမှာတုံးဆိုတော့ မျက်လုံးလေးဖွင့်တာလည်း စေတနာပါလို့ဖွင့်တာ . . (မှန်ပါ)။ မျက်လုံးလေးမှိတ်တာကော . . (စေတနာပါလို့ မှိတ်တာပါ)။ အဲ့ဒီတော့ ဖွင့်ချင်တဲ့ စေတနာ၊ မှိတ်ချင်တဲ့စေတနာ, ပြောချင်တဲ့စေတနာ, ကွေးချင်တဲ့စေတနာ, ဆန့်ချင်တဲ့စေတနာ, အကုန်သာဖြစ်ပျက်ရှုပါ . . . (မှန်ပါ)။

ဖြစ်ပျက်ရှုပြီး, ၎င်းဖြစ်ပျက်တွေကို မုန်းအောင်လုပ်, ၎င်းဖြစ်ပျက်ကို ဆုံးအောင်လုပ်ရင် စေတနာဆုံးတာဘဲ . . (မှန်ပါ)။ စေတနာဆုံးလို့ရှိရင် ကံ, စေတနာနဲ့ကံဟာ အတူတူဘဲနော် . . . (မှန်ပါ)။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ ဆိုသောကြောင့် သူဆုံးတော့ ကံလည်းဆုံးတော့ အကျိုးပေးကော . . (ဆုံးပါတယ်)။ သဘောကျလား . . (ကျပါတယ်)။

အကျိုးပေးဆုံးတော့ သူနဲ့တွဲမည့်ကိလေသာကော (ဆုံးပါတယ်)။ အပါယ်လေးပါး သွားစေတတ်တဲ့ ကိလေသာ

www.dhammadownload.com



တွေ့ မဆုံးသေးဘူးလား. . . (ဆုံးပါတယ်)။ အဲ့ဒါ ဘာခေါ် ကြမတုံးဆိုတော့ . . . (ဝဋ်သုံးပါးကျွတ်တာပါ)။ ဝဋ်သုံးပါး ကျွတ်သွားတာ ဘာခေါ်မလဲ. . . (နိဗ္ဗာန်ပါ)။

အဲ-ဝဋ်သုံးပါးမှာ ကံမှုတယ်ဗျား. . . (မှန်ပါ)။ ရိုပ် မိပြီလား. . . (ရိပ်မိပါဘုရား)။ အဲဒါဖြင့် နိဗ္ဗာန်ဆုံးအောင် လုပ်တာဖြင့် မဂ်ဉာဏ်. . . (မှန်ပါ)။ အသေအချာ ကျေနပ် ပြီလား. . . (ကျေနပ်ပါတယ်)။ သဘောကျလား. . . (ကျပါတယ်)။

ဒါဖြင့် ဘယ်စေတနာပေါ်လာလာ ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရမှာပါ)။ အဲ-ခင်ဗျားတို့ နားလည်ထားတာကတဲ့ ဒီစေတနာလေးက ပြန်ပြန်အောက်မေ့နော်. . . ဟော စေတနာပြန်ပေါ်အောင် လုပ်နေတယ် . . . (မှန်ပါ)။ ဒါ သမထကိုးဗျ. . . (မှန်ပါ)။ စာဂါနုဿတိလေဗျာ. . . (မှန်ပါ)။

မကောင်းဘူးလား, ကောင်းတယ်၊ ဟုတ်လား. . . (မှန်ပါ)။ အကောင်းစစ်လားလို့ မေးပြန်တော့. . . (မဟုတ် ပါဘူး)။ အကောင်းစစ်တော့မဟုတ်ဘူးတဲ့၊ ဒီနောက် အမျိုး မျိုးဝဋ် ကမ္မဝဋ်၊ ကိလေသာဝဋ်လာဦးမှာ . . . (မှန်ပါ)။ မလာပေဘူးလား. . . (လာပါတယ်)။ အဲ့ဒါ သမထ လမ်းဆုံးက ဗြဟ္မာပြည်လို့ ပြောတာပေါ့ . . . (မှန်ပါ)။

www.dhammadownload.com



သဘောကျလား. . . (ကျပါတယ်)။

'အဲဒီတော့ စာဂါနုဿတိလေး ခင်ဗျားတို့ သာမည ဆဲရာသမားနဲ့တွေ့ရင် ဒီလောက် တင်းတိမ်သွားမယ်. . . (မှန်ပါ)။ မတင်းတိမ်ဘူးလား. . . (တင်းတိမ်ပါတယ်)။ တင်းတိမ်ခဲ့သော်. . ဒီမှာဒီတစ်ခါလှူသလို နောက်တစ်ခါ အောက်မေ့ပြန်တော့ ဒီကံတွေဟာ ပြန်ပြန်ပေါ်မယ်. . . (မှန်ပါ)။ ပေါ်လို့ရှိရင်လည်း ခင်ဗျားတို့ ကမ္မ ဝိပါကဿဆိုတဲ့ အကျိုးပေးက ဆုံးပါ့မလား. . . (မဆုံးပါဘူး)။ မဆုံးခဲ့သည် ရှိသော် မဆုံးတာသည် သံသရာဘဲ. . . (မှန်ပါ)။ မဆုံးတာ ဘာခေါ်ကြ. . . (သံသရာပါ)။ ရှင်းပြီလား. . . (ရှင်းပါ တယ်)။

## စေတနာချုပ်တော့မှကိစ္စပြီးမယ်

အဲဒီတော့ သာသနာတွင်းတရားကို အစစ်ကိုပြော ပါဆိုလို့ရှိရင်ဖြင့် ဒီစေတနာချုပ်တော့မှ ကိစ္စပြီးမယ်. . . (မှန်ပါ)။ နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ)။ သဘောကျလား (ကျပါတယ်)။ နို့မို့ရင်. . . (မရောက်ပါဘူး)။ သဘောကျ လား (ကျပါတယ်)။

ဒါဖြင့် စာဂါနုဿတိက သံမထ၊ ကံဆုံးအောင် ကျင့် ရတဲ့အလုပ်က ဝိပဿနာ. . . (မှန်ပါ)။ ခြားနားပြီလား. . .

www.dhammadownload.com



(ခြားနားပါဘူးရား)။ လုပ်တတ်ကြပြီလား . . (လုပ်တတ်ပါပြီ)။

ဒါဖြင့် ဒကာ-ဒကာမတွေ ဘာရှုရှု ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်လည်း စေတနာပါသွားတာဘဲ . . (မှန်ပါ)။ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကော . . (ပါသွားပါတယ်)။ အဲ့ဒီတော့ စေတနာဟာ ခင်ဗျားတို့ ရှုနေတာဟူသရွေ့ ကံဖြတ်ချည်းမှတ် . . (မှန်ပါ) သူ့ကို သီးသန့်ရှုမနေနဲ့တော့ . . (မှန်ပါ)။ သဘောကျလား (ကျပါတယ်)။

တစ်ခါတည်း စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ ဒီစေတနာပါသွားတာဘဲ . . (မှန်ပါ)။ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကော . . (စေတနာ ပါသွားပါတယ်)။ အင်း-ရုပ်ရှုတဲ့ပုဂ္ဂိုလ်ကော . . (စေတနာ ပါသွားပါတယ်)။

အင်း-စေတနာပါလျက်ချည်းဘဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါ)။ သဘောကျလား . . (ကျပါတယ်)။

ဓမ္မာနုပဿနာရှုတဲ့ပုဂ္ဂိုလ်ကော . . (စေတနာပါသွားပါတယ်)။ ပါတာချည်းဘဲတဲ့၊ ကြိုက်တာတစ်ခုခုရှု၊ စေတနာပါရောချုပ်တယ်လို့ချည်း မှတ်ရမယ် . . . (မှန်ပါ)။ ရှင်းပြီလား . . (ရှင်းပါတယ်)။

ကဲ . . . ကနေ့ဒီတွင်တော်ကြစို့။

သာဓု . . သာဓု . . သာဓု။